# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် ၂၃ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၉)၊ အမှတ် (၃၂၅)


# ဒုတိယအကြိမ် မဲစာရင်းကပ်ထားကြေညာရာတွင် အမှားအယွင်းမရှိအောင် ပြင်ဆင်ဆောင်ရွက်

# ပြည်တွင်း၊ ပြည်ပ ကြိုတင်မဲကိစ္စများ အဆင်ပြေချောမွေ့ပြီး အချိန်နှင့်တစ်ပြေးညီပြီးမြောက်ရန် ကြိုတင်စီစဉ်



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းဆိုင်ရာ၊ မဲဆန္ဒရှင်စာရင်းဆိုင်ရာ၊ မဲရုံများ လျာထားသတ်မှတ်ခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

နေပြည်တော် ဩဂုတ် ၂၂

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီး/ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းဆိုင်ရာ၊ မဲဆန္ဒရှင်စာရင်းဆိုင်ရာ၊ မဲရုံများ လျာထားသတ်မှတ်ခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ကျင်းပရန် ၇၈ ရက်သာ လိုတော့ပါကြောင်း၊ ပထမကဏ္ဍအနေဖြင့် မဲစာရင်းကိစ္စအတွက် ပြောလိုပါကြောင်း၊ ဩဂုတ် ၁၄ ရက်တွင်


စာမျက်နှာ ၃ ကော်လံ ၁ ❐


**မျိုးဆက်သစ် လူရည်ချွန်များအား ဂုဏ်ပြုအပ်ပါသည်**


စာမျက်နှာ - ၆


**မြေထဲပင်လယ်အတွင်းက သယံဇာတဆိုင်ရာ ပဋိပက္ခ**


စာမျက်နှာ - ၁၄


**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

(၂၂-၈-၂၀၂၀) ရက်နေ့ ည (၈:၀၀)နာရီ


စာမျက်နှာ - ၁၇



MTB
MYANMA TOURISM BANK
မြန်မာ့ခရီးသွားဘဏ်
Create your world with MTB

6 BRANCHES

"သင့်အနာဂတ်ဖန်တီးဖို့ MTB နဲ့လက်တွဲစို့"

▲ ရန်ကုန်ရုံးချုပ်ဘဏ်ခွဲ ▲ မန္တလေး(၂၇လမ်းဘဏ်ခွဲ) ▲ နေပြည်တော်(သပြေကုန်းဘဏ်ခွဲ)
▲ မြဝတီဘဏ်ခွဲ ▲ ဘုရင့်နောင်ဘဏ်ခွဲ ▲ ရွှေဘုံသာဘဏ်ခွဲ

Customer Service Phone : 09 - 682 682 682

# နိုင်ငံရေးယဉ်ကျေးမှုနှင့် ဓလေ့

ရွေးကောက်ပွဲကျင်းပချိန်နီးလာသည်နှင့်အမျှ နိုင်ငံတွင်း၌ နိုင်ငံရေးပါတီများ လှုပ်ရှားလာကြသည်ကို တွေ့မြင်ရပါသည်။ ဒီမိုကရေစီစနစ်တွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဆိုသည်နှင့် နိုင်ငံရေးပါတီများဆိုသည်က အရေးပါသည့် လိုအပ်ချက်များဖြစ်ပါသည်။ အချုပ်အခြာအာဏာကို ပြည်သူလူထုက ပိုင်သည်၊ ပြည်သူလူထု၏ လက်ဝယ်တွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်သည်ဟူသည့် ဒီမိုကရေစီစနစ်၏ အခြေခံမူအရ ထိုအချုပ်အခြာအာဏာကို ပြည်သူလူထုက မည်သူ့ ထံကို လွှဲအပ်တာဝန်ပေးမည်ဆိုသည်ကို ရွေးချယ်ဆုံးဖြတ်နိုင်ရန် ရွေးကောက်ပွဲများကျင်းပခြင်းနည်းဖြင့် စီမံပေးရ၏။

နိုင်ငံတွင်းရှိ နိုင်ငံရေးပါတီတို့ကလည်း မိမိတို့နိုင်ငံ တိုးတက်ဖွံ့ဖြိုးရေး၊ မိမိတို့ နိုင်ငံသားများ၏ ဘဝများလုံခြုံပြေလည်ရေး၊ နိုင်ငံသားတို့၏ လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူညီမှု၊ နိုင်ငံသားအခွင့်အရေး၊ လူ့အခွင့်အရေး၊ ဥပဒေစိုးမိုးရေး စသည်တို့ကို အာမခံနိုင်သည့် မူဝါဒများ နိုင်ငံရေးလုပ်ငန်းစဉ်များကို ရေးဆွဲချမှတ်၏။ ထိုမူဝါဒလုပ်ငန်းစဉ်များကို ပြည်သူလူထုကို အစီရင်ခံကာ မိမိတို့ နိုင်ငံရေးပါတီကို လုပ်ပိုင်ခွင့်နှင့် တာဝန်များ လွှဲပေးပါရန် တင်ပြတောင်းခံ၏။ ပြည်သူလူထုက မိမိတို့ နှစ်ခြိုက်သည့် မူဝါဒနှင့် နိုင်ငံရေးလုပ်ငန်းစဉ်များပေါ် အခြေခံစဉ်းစားကာ မိမိတို့ ယုံကြည်သည့် နိုင်ငံရေးပါတီ၊ မိမိတို့ အားကိုးသည့် နိုင်ငံရေးခေါင်းဆောင်တို့ကို ရွေးချယ်မဲပေး၏။

ထိုသို့သော ရွေးကောက်ပွဲ အစီအစဉ်များမှတစ်ဆင့် ရွေးချယ်လိုက်သော ပြည်သူ့ကိုယ်စားလှယ်များပေါ်ထွက်လာကာ နိုင်ငံ၏ ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်နှင့် တာဝန်တို့ကို ယူရ၏။ ဤသည်ကား ဒီမိုကရေစီစနစ်၏ အချုပ်အခြာအာဏာကို ပြည်သူလူထုက မည်သို့မည်ပုံ ကိုင်တွယ်လွှဲအပ်တာဝန်ပေးသနည်းဟူသည့် ယေဘုယျအစီအစဉ်ဖြစ်ပါသည်။

ထိုသို့သော အစီအမံများဖြင့် နိုင်ငံရေးအာဏာကို ပြည်သူလူထုက မဲရုံများမှတစ်ဆင့် ရွေးချယ်တာဝန်ပေးသည်ဖြစ်သောကြောင့် နိုင်ငံ့အရေးကို တာဝန်ယူဆောင်ရွက်လိုကြသည့် နိုင်ငံရေးပါတီတို့က ပြည်သူလူထုထံသို့ မိမိတို့အားမဲပေးရန်တင်ပြတောင်းခံရ၏။ ထို့ကြောင့်ပင် ရွေးကောက်ပွဲကျင်းပမည့်အချိန် ကြေညာပြီးနောက်တွင် နိုင်ငံရေးပါတီတို့ကို မဲဆွယ်စည်းရုံးရန် အချိန်ကာလနှင့် သုံးစွဲမည့် ငွေကြေးအကန့်အသတ်တို့ကို သတ်မှတ်ကာ မျှတညီညွတ်သောအစီအမံများကို ဖန်တီးပေးရခြင်းဖြစ်ပါသည်။

မိမိတို့၏ စွမ်းဆောင်ရည်ဖြင့် တိုင်းပြည်နှင့် လူမျိုးအတွက် တာဝန်ယူဆောင်ရွက်လိုသည့်၊ အများအကျိုးကို သယ်ပိုးလိုသည့်၊ ဖြူစင်သည့်စိတ်ဓာတ်သည် နိုင်ငံရေးသမားနှင့် နိုင်ငံရေးပါတီတို့၏ အခြေခံသဘောထား ဖြစ်ရပါသည်။

ကမ္ဘာတစ်လွှားရှိ ဒီမိုကရေစီသမိုင်းအဆက်ဆက်တွင် ထိုသို့သော ဖြူစင်သည့်အခြေခံစိတ်ဓာတ်ဖြင့် နိုင်ငံရေးသမားများ၊ နိုင်ငံရေးခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများ ရှိသကဲ့သို့ နိုင်ငံရေးအာဏာနှင့် လုပ်ပိုင်ခွင့် မိမိကိုယ်ကျိုးအတွက် အသုံးချကြသည့်ဖြစ်စဉ်တို့ကလည်း ရှိသည်ဖြစ်ရာ ပြည်သူလူထုအတွင်းတွင် ယင်းနှင့် ပတ်သက်၍ နိုင်ငံရေးပါတီများကို သမိုင်းကြောင်းကို မှီ၍ လည်းကောင်း၊ စွမ်းဆောင်ရည်ကို လေ့လာ၍ လည်းကောင်း၊ ၎င်းတို့၏ တင်ပြအစီရင်ခံပုံနှင့် လုပ်ဆောင်ပုံတို့ကို ကြည့်၍ လည်းကောင်း အကဲခတ်ကြ၊ အကဲဖြတ်ကြပြီး မဲပေးရွေးချယ်ကြပါသည်။

နိုင်ငံရေးပါတီများကလည်း မိမိတို့က မည်သို့မည်ပုံတာဝန်ယူမည်၊ နိုင်ငံကို မည်သို့ထူထောင်စီမံမည်ဆိုသည်ကို လူထုထံ တင်ပြရသည်ဖြစ်ရာ နိုင်ငံရေးပါတီများကြားတွင် အပြိုင်အဆိုင်သဘောမျိုးရှိလာသည်က ဓမ္မတာဖြစ်ပါသည်။ မည်သူက ပို၍ တိုင်းပြည်ချစ်သနည်း၊ မည်သူက ပို၍ စွမ်းဆောင်ရည်ရှိသနည်း၊ မည်သူက ပို၍ နိုင်ငံရေးသီလကောင်းသနည်းစသည်ဖြင့် ဖြစ်ပါသည်။

ယင်းသို့ ပြည်သူသို့ အစီရင်ခံတင်ပြရာတွင် နိုင်ငံရေးပါတီ အချင်းချင်းကြားတွင် ယဉ်ကျေးဖွယ်ရာသည့် နိုင်ငံရေးကျင့်ဝတ်ကို အခြေခံရပါသည်။ ပြည်သူလူထုကလည်း နိုင်ငံရေးကျင့်ဝတ်မရှိသူများ၊ ယဉ်ကျေးဖွယ်ရာမရှိသူများ၏ ရိုင်းပျမှုများကို နှစ်ခြိုက်လေ့မရှိပါချေ။

အချုပ်ကိုဆိုရပါလျှင် နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများ ဟူသည် အများအကျိုး၊ နိုင်ငံအကျိုး၊ ပြည်သူအကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်လိုကြသည်ဟူသည့် အခြေခံစိတ်ဓာတ်ကို မွေးမြူကြခြင်းအပေါ် ပြည်သူလူထုက လေးစားချစ်ခင်စိတ်ဖြစ်ရပါသည်။ ထိုသို့သော နိုင်ငံရေးသမားတို့သည် နိုင်ငံရေးကျင့်ဝတ်များကို စောင့်ထိန်းခြင်းဖြင့် နိုင်ငံရေးယဉ်ကျေးမှုဓလေ့ကောင်းများကို မြင့်မားစေပြီး ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကို ရယူနိုင်ကြမည်ဟု ထင်မြင်ယူဆပါကြောင်း။ ။

# လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်းဖွင့်

ပျဉ်းမနား သြဂုတ် ၂၂

တောင်သူများအနေဖြင့် စက်ကိရိယာများအား ပိုမိုတိုးတက်သုံးစွဲလာလျက်ရှိရာ စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် တောင်သူများ၏ လုပ်သားရှားပါးမှုပြဿနာ ဖြေရှင်းနိုင်ရေး၊ ပြောင်းလဲလာသည့် ရာသီဥတုအခြေအနေအရ အချိန်တိုလျင်မြန်စွာ လုပ်ငန်းများပြီးစီးနိုင်ရေးနှင့် သီးနှံအထွက်နှုန်းတိုးပြီး စိုက်ပျိုးကုန်ကျ စရိတ်လျော့နည်းသက်သာလာစေရန်ရည်ရွယ်၍ တောင်သူများလယ်ယာသုံးစက်ကိရိယာများအား စနစ်တကျကိုင်တွယ်မောင်းနှင် ထိန်းသိမ်းတတ်စေရန် လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှုအခြေခံသင်တန်း(တောင်သူ) ဖွင့်လှစ်ခြင်းကို သြဂုတ်လတတိယပတ်က ပျဉ်းမနားမြို့ အမှတ်(၈၄)စက်မှုလယ်ယာစခန်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန် တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် စက်မှုလယ်ယာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ထွန်းအေးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက် ရှင်းလင်းပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဝေက သင်တန်းသားများအတွက် သင်ထောက်ကူပစ္စည်းများကို သင်တန်းသားတစ်ဦးထံသို့ ပေးအပ်သည်။

အဆိုပါ သင်တန်းသို့ ပျဉ်းမနားမြို့နယ်အတွင်းရှိ သစ်ဆိမ့်ပင်၊ ပေါစံခေါ၊ ဇီးဖြူပင်၊ နတ်သူရဲ၊ လယ်ယာ အစရှိသည့် ကျေးရွာငါးရွာတို့မှ သင်တန်းသား ၃၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ရွှေဘိုမြို့တွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

ရွှေဘို သြဂုတ် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ယမန်နေ့ နံနက် ၈ နာရီက ယာဉ်မတော်တဆမှုမဖြစ်ပွားစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေခြင်းကို ရွှေဘိုမြို့ ရန်ကြီးအောင်လမ်းနှင့် အောင်ဇေယျလမ်းဆုံရှိ လမ်းလေးခွ မီးပွိုင့်တွင် ဆောင်ရွက်သည်။

အဆိုပါ ဆောင်ရွက်ခြင်းကို အမှတ် (၁၁၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (ရွှေဘို) မှ ရဲအုပ် အောင်မျိုးထက် ဦးစီးသော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၃) ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ ပူးပေါင်း၍ ဆောင်ရွက်ကြောင်း သိရသည်။

ယာဉ်မတော်တဆမှုမဖြစ်ပွားစေရေးအတွက် ကုန်တင်ယာဉ်ကြီးများ၊ ခရီးသည်တင်ယာဉ်များအား လက်ယာကပ်မောင်းနှင်ရန်၊ သတ်မှတ်အရှိန်နှုန်းထက် ပိုမိုမောင်းနှင်မှု မရှိစေရန်၊ ဆိုင်ကယ်စီးနင်းသူများအား ဆိုင်ကယ်စီး ဦးထုပ်ဆောင်းရန်၊ မေးသိုင်းကြိုးတပ်ဆင်ရန်၊ နှစ်ဦးထက် ပိုမိုစီးနင်းခြင်းမပြုရန်၊ အရှိန်ပြင်းမမောင်းရန်၊ ဆိုင်ကယ်စီးနင်းစဉ် ဖုန်းမပြောရန်နှင့် ဆိုင်ကယ်စီးပြည်သူများအား နေ့၊ ည အချိန်တိုင်းရှေ့မီး (အနိမ့်) ဖွင့်မောင်းစေရေး အသိပညာပေးခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရန် အသိပညာပေးခြင်း၊ ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေသစ်နှင့် ပတ်သက်၍ ပြည်သူများအား အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**



# သံလွင်မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် သြဂုတ် ၂၂

ယနေ့မြန်မာစံတော်ချိန် ၉ နာရီခွဲတိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဖားဆောင်းမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။ သို့ဖြစ်ပါ၍ ဖားဆောင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

**မိုး/ဇလ**

# မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်း ရွာမည်

နေပြည်တော် သြဂုတ် ၂၂

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်း နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

**မိုး/ဇလ**

# KBZ MS ၏ ထိပ်တန်းအာမခံကိုယ်စားလှယ်များကို ကျန်းမာရေးနှင့် အသက်အာမခံ အကာအကွယ်များ ပေးအပ်

ရန်ကုန် သြဂုတ် ၂၂

KBZ MS General Insurance ၏ ကျန်းမာပြည့်ဝလုံခြုံစိတ်ချ ကိုယ်စားလှယ်ဘဝအစီအစဉ် (Agent Health and Wellness Safeguard Program) အဖြစ် ထိပ်တန်းအာမခံကိုယ်စားလှယ်များကို ကျန်းမာရေးနှင့် အသက်အာမခံအကာအကွယ်များ ပေးအပ်သည့်အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ Strand Square တွင် ကျင်းပရာ ရှေးဦးစွာ KBZ MS General Insurance ၏ Vice Chairman ဦးညိုမြင့်က အဖွင့်အမှာစကားပြောကြားပြီး Chief Executive Officer Mr.Anil Mancham က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ Vice Chairman ၊ Chief Executive Officer နှင့် တာဝန်ရှိသူများက ကိုယ်စားလှယ်အချို့ကို ကျန်းမာရေးနှင့် အသက်အာမခံ ပေါ်လစီများ ပေးအပ်ကြသည်။




ယခု ပြုလုပ်သော ကျန်းမာပြည့်ဝ လုံခြုံစိတ်ချ ကိုယ်စားလှယ်ဘဝ အစီအစဉ်သည် KBZ MS ၏ အာမခံအမျိုးအစားများအနက်မှ Corporate Packages အမျိုးအစားတစ်မျိုးဖြစ်သည့် အာရောဂျံအာမခံအမျိုးအစားများထဲမှ သူရိယအစီအစဉ်၊ စန္ဒာအစီအစဉ်၊ ဓူဝံအစီအစဉ်တို့အနက် တစ်ခုခုကို ရရှိမည်ဖြစ်ပြီး ဖျားနာခြင်း၊ မတော်တဆထိခိုက်မှုဖြစ်ခြင်း၊ ခွဲစိတ်ကုသမှုခံယူရခြင်း၊ ကိုယ်ဝန်ပျက်ကျခြင်း၊ သေဆုံးခြင်းတို့ဖြစ်ပေါ်တွေ့ကြုံရပါက သတ်မှတ်ငွေကြေး အကာအကွယ်များ ရရှိမည်ဖြစ်သည်။ ထို့အတူ အာရောဂျံကျန်းမာရေးအာမခံမှာ မြန်မာနိုင်ငံအတွင်း လူသိများရေပန်းစားလာသော အာမခံအမျိုးအစားတစ်ခုဖြစ်ပြီး ယခုအစီအစဉ်၏ အဓိကရည်ရွယ်ချက်မှာ KBZ MS ၏ မျှော်မှန်းချက်ဖြစ်သော အာမခံမှတစ်ဆင့် မြန်မာနိုင်ငံအတွင်း လူနေမှုဘဝများကို မြှင့်တင်ပေးရန်နှင့် ကျန်းမာရေးကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အသိပညာများကို မြန်မာနိုင်ငံအတွင်း ပိုမိုကျယ်ပြန့်လာစေရန်ဖြစ်ကြောင်း သိရသည်။

"သတ်မှတ်ချက်တွေနဲ့ ကိုက်ညီတဲ့ ကိုယ်စားလှယ်တွေကို ကျန်းမာရေးနဲ့ အသက်အာမခံပေးအပ်လာတာ အခုဆိုရင် ဒုတိယနှစ် ရှိပါပြီ။ သတ်မှတ်အရည်အချင်းနဲ့ ကိုက်ညီတဲ့ ကိုယ်စားလှယ် ၇၉ ဦးအတွက် ပေးအပ်တာပါ။ Customer တွေရဲ့ အသက်အိုးအိမ် စည်းစိမ်တွေကို ကာကွယ်စောင့်ရှောက်ပေးဖို့ ကြိုးစားနေကြတဲ့ ကိုယ်စားလှယ်တော်တွေ ထိခိုက်ဆုံးရှုံးမှုတွေ ကြုံတွေ့ရင် ကောင်းမွန်သင့်လျော်တဲ့ အာမခံအကာအကွယ်ရရှိခြင်းဖြင့် အမှန်တကယ်လိုအပ်တဲ့ ထောက်ပံ့ကူညီမှုကို ရရှိနိုင်မှာ ဖြစ်ပါတယ်။ အခု ကိုဗစ် -၁၉ကာလလို စိန်ခေါ်မှုများသော အချိန်မျိုးမှာ ပိုမိုလိုအပ်မှာ ဖြစ်ပါတယ်" ဟု Head of Commercial ဖြစ်သူ Mr. Jyothish Parameswaran Monhini က ရှင်းပြသည်။

"အခုလို အာမခံရရှိထားတဲ့အတွက် စိတ်အေးရပါပြီ။ တကယ်လို့ မတော်တဆတစ်ခုခု ဖြစ်ခဲ့မယ်ဆိုရင်တောင် ဒီအာမခံအကာအကွယ်က အောက်ဆုံးထိ ရောက်မသွားအောင် ထိန်းပေးမယ့် လုံခြုံမှုပိုက်ကွန်လိုပါပဲ။ အဆိုးဆုံးအခြေအနေကို ကြုံတွေ့ခဲ့ရမယ်ဆိုရင်တောင် ကျွန်တော့မိသားစုအတွက် အထောက်အကူပြုပေးနိုင်တဲ့ အကာအကွယ်လေး ရှိပါလားဆိုပြီး စိတ်အေးရတာပေါ့။ အခုဆိုရင် စိတ်ချလက်ချနဲ့ Customer တွေအတွက် အင်တိုက်အားတိုက် လုပ်ပေးလို့ရပြီပေါ့ဗျာ" ဟု ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်က ပြောသည်။ **မြန်မာ့အလင်း**

# ပြည်သူသာလျှင် အဓိက

❒ ရွှေဖုံးမှ

ပထမအကြိမ် မဲစာရင်းကပ်ထား ကြေညာခြင်း ပြီးဆုံးခဲ့ပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့များအနေဖြင့် မဲဆန္ဒရှင်ပြည်သူ များ၏ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက် ပေးရန် လျှောက်ထားမှုများလည်း လက်ခံရရှိပြီး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအလိုက် ဆောင်ရွက် နေကြပြီဖြစ်ကြောင်း၊ မဲစာရင်းတွင် ကျန်ရှိ၍ ပုံစံ (၃)ဖြင့် လျှောက်ထားသူ များကို မဲပေးခွင့်ရှိသူဖြစ်က မဲစာရင်း တွင် ဖြည့်သွင်းရန်နှင့် ထပ်မံမကျန်ရှိ စေရန်၊ ပုံစံ(၄)ဖြင့် ပယ်ဖျက်ရန် တောင်းဆိုထားသည့် မပါဝင်သင့်သူ များကို မဲစာရင်းတွင် ပယ်ဖျက်ရန်၊ ပုံစံ (၄-က) ဖြင့် လျှောက်ထားသည့် ပြင်ဆင်ရမည့် အချက်အလက်များကို မှန်ကန်စွာပြင်ဆင်ပေးရန်၊ ပထမ အကြိမ်မဲစာရင်းတွင်ပါဝင်ပြီး ဒုတိယ အကြိမ် မဲစာရင်းကပ်ထားချိန်တွင် မပါရှိတော့ခြင်းမျိုး မဖြစ်စေရန်တို့ကို စနစ်တကျ ဆောင်ရွက်ကြရန်လို ကြောင်း၊ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက် ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ရာ တွင် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနတို့နှင့်လည်း ပူးပေါင်း ဆောင်ရွက်ကြရန်လိုကြောင်း၊ စနစ် တကျ သေချာစစ်ဆေးရန်လိုကြောင်း၊ ဆင့်ကဲဆင့်ကဲ ကြီးကြပ်ဆောင်ရွက် ကြရန်လိုကြောင်း၊ ဒုတိယအကြိမ် မဲစာရင်း ကပ်ထားကြေညာရာတွင် အမှားအယွင်းမရှိအောင် ပြင်ဆင် ဆောင်ရွက်ကြစေလိုကြောင်း။

**ညွှန်ကြားချက်များနှင့်အညီဆောင်ရွက်**

ဒုတိယကဏ္ဍအနေဖြင့် လွှတ်တော် ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းခြင်း၊ စိစစ်ခြင်းများကို သက်ဆိုင်ရာ ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများက ဆောင်ရွက် ပြီးလျှင် လွှတ်တော်ကိုယ်စားလှယ် လောင်းအမည်စာရင်းများကို ကြေညာ သွားရမည်ဖြစ်ကြောင်း၊ လွှတ်တော် ကိုယ်စားလှယ်လောင်း စာရင်းများ ကြေညာပြီးလျှင် မဲဆွယ်စည်းရုံးခွင့် ပေးရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများ အနေဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသည့် ရွေး ကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရန် မှာကြားလို ကြောင်း။

ယခုအခါ အစိုးရ၏ခွင့်ပြုချက်နှင့် နိုင်ငံပြင်ပရောက်ရှိနေသူများ ကြိုတင် ဆန္ဒမဲပေးနိုင်ရန် လျှောက်ထားသည့် ပုံစံ (၁၅) များကို နိုင်ငံခြားရေးဝန်ကြီး ဌာနက ပေးပို့ခဲ့ပြီး ကော်မရှင်မှ စိစစ် လက်ခံ၍ မြို့နယ်များသို့ ပေးပို့ခဲ့ပြီး ဖြစ်ကြောင်း၊ သက်ဆိုင်ရာမြို့နယ်များ အနေဖြင့် မဲစာရင်းတွင် ပါဝင်မှု ရှိ/မရှိ၊ မဲပေးခွင့် ရှိ/မရှိကို သေသေချာချာ စိစစ်ရန်နှင့် မဲပေးခွင့်မရှိပါက မရှိသည့်အကြောင်းရင်းကို သေချာစွာ

## “ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ အနေဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသည့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်း ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် အညီ ဆောင်ရွက်”

မှတ်တမ်းပြုစုထားရန် လိုကြောင်း၊ ကြိုတင်မဲလက်မှတ်များကို သက်ဆိုင် ရာ မြန်မာသံရုံး၊ အမြဲတမ်းကိုယ်စား လှယ်ရုံးနှင့် ကောင်စစ်ဝန်ရုံးများသို့ သတ်မှတ်ရက်တွင် ပေးပို့နိုင်ရန် ဆောင်ရွက်ကြရန်လိုကြောင်း။

**ကြိုတင်စီစဉ်ဆောင်ရွက်**

ရွေးကောက်ပွဲကျင်းပရန် နီးကပ် လာသည်နှင့်အမျှ လုပ်ငန်းစဉ်များ လည်း စဉ်ဆက်မပြတ်ရှိလာနေပြီ ဖြစ်ကြောင်း၊ မဲလက်မှတ်ရိုက်နှိပ်ရေး၊ မဲရုံများ သတ်မှတ်တည်ဆောက်ရေး၊ မဲရုံသုံးပစ္စည်းများ လုံလုံလောက် လောက်ရရှိရေးနှင့် သက်ဆိုင်ရာ မဲရုံ များကို အချိန်မီရောက်ရှိရေး၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ခန့်အပ်ရေး၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များကို သင်တန်းပေးရေး၊ ပြည်တွင်း၊ ပြည်ပ ကြိုတင်မဲကိစ္စများ အားလုံး အဆင်ပြေချောမွေ့ပြီး အချိန် နှင့် တစ်ပြေးညီပြီးမြောက်ရန် ကြိုတင် စီစဉ် ဆောင်ရွက်ထားရန်လိုကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသ ရေးကာလအတွင်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို ကျန်းမာ ရေး စံသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ကျန်းမာ ရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်း၍ သရုပ်ပြမဲရုံများ ခင်းကျင်း ပြီး လိုအပ်ချက်များကို ကြိုတင် စီမံ ဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများကို ညွှန်ကြားချက်များ ထုတ်ပြန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကော်မရှင်အဖွဲ့ခွဲများအနေဖြင့်လည်း ညွှန်ကြားချက်များနှင့်အညီ ဆောင် ရွက်နိုင်ရေး ကြိုတင်စီမံထားရန် လိုမည်ဖြစ်ကြောင်း၊ ရောဂါကာကွယ် တားဆီးနိုင်ရေးအတွက် လိုအပ်သည့် Mask များ၊ Hand Gel များ ဖြန့်ဝေ ပေးနိုင်ရေးအတွက်လည်း စီမံဆောင် ရွက်နေပါကြောင်း၊ ကော်မရှင်အဖွဲ့ခွဲ များအနေဖြင့် မဲရုံများ တည်ဆောက် ရာတွင် ကျယ်ဝန်းသည့်အဝန်းအဝိုင်း ဖြစ်ရန်၊ လိုအပ်လျှင် အဆိုင်းများ ခွဲနိုင် ရန်၊ မဲဆန္ဒရှင်များ တန်းစီရာတွင် လုံလောက်သည့် အကွာအဝေးနေရာ ဖြစ်ရန် စီမံရမည်ဖြစ်ကြောင်း၊ မဲရုံ တစ်ရုံတွင် မဲဆန္ဒရှင်အရေအတွက် ၁၀၀၀ ထက်ပိုနေလျှင် နှစ်ဆိုင်းခွဲရန် နှင့် ၂၀၀၀ အထက်ပိုလျှင် သုံးဆိုင်းခွဲ ဆောင်ရွက်ရန် လိုမည်ဖြစ်ကြောင်း၊ အဆိုင်းပေါ်မူတည်ပြီး တိုးလာမည့် မဲရုံအဖွဲ့ဝင်ကိုလည်း တွက်ချက် ဆောင်ရွက်ရန်လိုမည်ဖြစ်ကြောင်း။

**သတင်းရယူခွင့် ခွင့်ပြု**

ပြည်တွင်းနှင့် နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာ ရေးအဖွဲ့များနှင့် ရွေးကောက်ပွဲ လေ့လာသူများကို ခွင့်ပြုထားပြီး ဖြစ်ကြောင်း၊ ကော်မရှင်တွင်လည်း လျှောက်ထားမှုများရှိနေပြီး ရွေးကောက် ပွဲ စောင့်ကြည့်လေ့လာခွင့်ကတ်များ ထုတ်ပေးရန် ဆောင်ရွက်နေပြီဖြစ် ကြောင်း၊ လာမည့် စက်တင်ဘာလတွင် လည်း ရွေးကောက်ပွဲနေ့တွင် သတင်း မီဒီယာသမားများ သတင်းရယူခွင့်ကို ခွင့်ပြုကြောင်းနှင့် လျှောက်ထားနိုင် ကြောင်းကို ကြေညာချက်ထုတ်ပြန် ပေးသွားမည်ဖြစ်ကြောင်း။

၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲကို စံ (၅) ချက်နှင့်အညီ စံပြအဖြစ်ကျင်းပနိုင်အောင် ကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်အနေဖြင့် ရွေးကောက် ပွဲလုပ်ငန်းစဉ်တိုင်းကို အဆင်ပြေ ချောမွေ့အောင်စီမံကြရန်နှင့် လိုအပ် ချက်များကိုလည်း အချိန်နှင့် တစ်ပြေးညီ တင်ပြသွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

**အကြံပြုဆွေးနွေး**

ထို့နောက် တိုင်းဒေသကြီး/ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ များမှ တာဝန်ရှိသူများက လွှတ်တော် ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းခြင်း၊ စိစစ်ခြင်း၊ မဲဆန္ဒရှင် စာရင်းများ ပြင်ဆင်ဆောင်ရွက်ခြင်း၊ မဲရုံများ လျာထားသတ်မှတ်ခြင်း တို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိ မှု အခြေအနေများကို ရှင်းလင်း တင်ပြသည်။ တင်ပြချက်များအပေါ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများက အကြံပြုဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ နေပြည်တော်အတွင်းရှိ ထိခိုက်လွယ်အုပ်စုများအား ငွေကြေးအကူအညီများပေးအပ်

နေပြည်တော် ဩဂုတ် ၂၂

**နိုင်ငံတော်အစိုးရ၏ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ထိခိုက် လွယ်အုပ်စုများတွင် အကျုံးဝင်သည့် အသက်(၈၀)နှင့်အထက်၊ အသက်(၈၅)နှစ်အောက် ဘိုးဘွားများနှင့် မသန်စွမ်းသူ များအား ငွေကြေးအကူအညီ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ ပြုလုပ်သည်။**



အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ နေပြည်တော်ကောင်စီဝင် ဦးအောင် မြင့်ထွန်း၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြန်လည် ထူထောင်ရေးဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ဌာနဆိုင်ရာတာဝန်ရှိသူ များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် ဥတ္တရသီရိ မြို့နယ်အတွင်းရှိ ဘိုးဘွားများ၏ နေအိမ်များသို့ သွားရောက်ကာ ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ တစ်ဦးလျှင် ထောက်ပံ့ ငွေကျပ် သုံးသောင်းကို ဘိုးဘွားများ လက်ဝယ်အရောက် ပေးအပ်ကြသည်။

ထို့နောက် ဥတ္တရသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့် ကာလအတွင်း ထိခိုက်လွယ်အုပ်စုများ ရှိသည့် အိမ်ထောင်စုများတွင် အခက် အခဲများ ပိုမိုကြုံတွေ့ရမည်ကို သိရှိ စာနာပါကြောင်း၊ အစိုးရအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေ သည့်ကာလအတွင်း စီးပွားရေးထိခိုက် မှုများ၊ အလုပ်အကိုင်အခက်အခဲများ နှင့် စားဝတ်နေရေးအခက်အခဲများကို လျော့နည်းသက်သာစေရန် ကိုဗစ်-၁၉ စီးပွားရေး ကုစားမှုအစီအစဉ် ဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိ ကြောင်း၊ ထိုအစီအစဉ်အရ ထိခိုက် လွယ် အုပ်စုများတွင် အကျုံးဝင်သည့် နေပြည်တော်အတွင်းရှိ အသက် (၈၀) နှစ်နှင့် အထက်၊ အသက် (၈၅)နှစ်အောက် ဘိုးဘွားများအတွက် ငွေကြေးအကူအညီ တစ်ကြိမ် ပေးအပ် သွားမည်ဖြစ်ကြောင်း၊ အသက်(၈၅)နှစ် နှင့်အထက် ဘိုးဘွားများကို လူမှုရေး ပင်စင်အဖြစ် အစိုးရက ပုံမှန်ထောက်ပံ့ လျက်ရှိပါကြောင်း၊ မသန်စွမ်းသူများ အတွက်လည်း အစိုးရက တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် တစ်ကြိမ် ထောက်ပံ့ပြီးဖြစ်ကြောင်း၊ ယခု ကိုဗစ်-၁၉ ကာလအတွင်း ထပ်မံ ရရှိသော မသန်စွမ်းစာရင်းများအရ တစ်ကြိမ် ထောက်ပံ့မည်ဖြစ်ကြောင်း၊ အကျိုးခံစားခွင့်ရှိသူများ လက်ဝယ် အရောက် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ဝန်ကြီးဌာနတာဝန်ရှိသူ များက ဆက်လက်ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း ပြောကြား သည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးက ဥတ္တရသီရိမြို့နယ်အတွင်းရှိ မသန်စွမ်းသူ ၆၆ ဦးအတွက် တစ်ဦး လျှင် ငွေကျပ် သုံးသောင်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၉၈၀၀၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ ပေးအပ်ရာ နေပြည်တော်ကောင်စီဝင်က ကျေးဇူး တင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် ခြံကြီးကျေးရွာရှိ ဘိုးဘွားများနေအိမ် များသို့ သွားရောက်ပြီး ထောက်ပံ့ငွေ များကို လက်ဝယ်အရောက် ပေးအပ် သည်။

ထို့နောက် ခြံကြီးဘုန်းတော်ကြီး ကျောင်း၌ ဆရာတော်အား ဖူးမြော် ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့် အလှူ ငွေများ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် တပ်ကုန်းမြို့နယ် အတွင်းရှိမသန်စွမ်းသူ ၂၇၄ ဦးအတွက် စုစုပေါင်းငွေကျပ် ၈၂၂၀၀၀၀ ကို အုပ်ချုပ်ရေးမှူးထံ ပေးအပ်သည်။

ထို့နောက် ပျဉ်းမနားမြို့နယ် ဥယျာဉ်စုကျေးရွာရှိ ဘိုးဘွားကို နေအိမ်များတွင် ထောက်ပံ့ငွေများ ပေးအပ်ပြီး ဥယျာဉ်စုဘုန်းတော်ကြီး ကျောင်းတွင် မသန်စွမ်းသူ ၁၁၅၄ ဦး အတွက် စုစုပေါင်းထောက်ပံ့ငွေကျပ် ၃၄၆၂၀၀၀၀ ကို ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် အောင်သုခကျေးရွာရှိ ဘိုးဘွားများ နေအိမ်များ၌ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြပြီး ကျေးရွာဓမ္မာရုံတွင် မသန်စွမ်းသူ ၄၃၄ ဦးအတွက် စုစု ပေါင်းထောက်ပံ့ငွေကျပ် ၁၃၀၂၀၀၀၀ ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူများထံ ပေးအပ်သည်။

ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ ယနေ့လူမှုဝန်ထမ်း ဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေး ဦးစီးဌာနတို့က အသက် (၈၀) နှင့် အထက်၊ အသက် (၈၅) နှစ်အောက် ဘိုးဘွား ၆၁ ဦးအတွက် ထောက်ပံ့ ငွေကျပ် ၁၈၃၀၀၀၀ နှင့် နေပြည်တော် အတွင်းရှိ ဥတ္တရသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ပျဉ်းမနားမြို့နယ် နှင့် ပုဗ္ဗသီရိမြို့နယ်တို့ရှိ မသန်စွမ်းသူ စုစုပေါင်း ၁၉၂၈ ဦးအတွက် ငွေကျပ် ၅၇၈၄၀၀၀၀ ကို ထောက်ပံ့ပေးအပ် သည်။

နေပြည်တော်အတွင်း၌ အသက် (၈၀) နှင့်အထက်၊ အသက် (၈၅) နှစ် အောက် ဘိုးဘွား ၆၁၃၅ ဦးရှိရာ ငွေကြေးအကူအညီပေးရန် ကျန်ရှိသည့် ဘိုးဘွားများနှင့် မြို့နယ်လေးမြို့နယ် ရှိ မသန်စွမ်းသူများအတွက် ထောက်ပံ့ ငွေများကို ဆက်လက်ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ပဲခူးတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၂

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးအောင်ဇော်နိုင်၊ ညွှန်ကြားရေးမှူးချုပ်များသည် ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် အင်းရွာတောင်သူလယ်သမားသင်တန်းကျောင်းသို့ ရောက်ရှိကြပြီး အကျိုးဆောင်တောင်သူဖွံ့ဖြိုးတိုးတက်ရေးသင်တန်း အမှတ်စဉ်(၁၅/၂၀၁၉ – ၂၀၂၀) တက်ရောက်နေကြသည့် သင်တန်းသူ သင်တန်းသားများနှင့် တွေ့ဆုံသည်။**



တွေ့ဆုံပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက သင်တန်းကျောင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် တောင်သူများအတွက် အသုံးချနည်းပညာ၊ အသိပညာဗဟုသုတများ တိုးမြှင့်ပေးနိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဆုံးရှုံးနစ်နာခဲ့ရသည့် လယ်ယာမြေများနှင့်ပတ်သက်၍ စီမံဆောင်ရွက်ပေးနိုင်ရန် တောင်သူလယ်သမားအကျိုးစီးပွား ကာကွယ်မြှင့်တင်ရေး ဥပဒေနှင့်အညီ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်း ခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီအနေဖြင့် ကြိုးပမ်းလျက်ရှိကြောင်း၊ လယ်ယာမြေနှင့် ပတ်သက်၍ တောင်သူလယ်သမားများကိုယ်တိုင် စီမံခန့်ခွဲနိုင်သည့် စနစ်၊ တာဝန်ယူတာဝန်ခံနိုင်သည့်စနစ်များ ဆောင်ရွက်နိုင်ရေး၊ ကိုယ်တိုင်ရင်ဆိုင်ဖြေရှင်းနိုင်ရေးတို့ကို မျှော်မှန်းပြီး တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေအရ တောင်သူလယ်သမားအသင်းအစုအဖွဲ့များ ဖွဲ့စည်းနိုင်ရေးအတွက် တောင်သူလယ်သမား အဖွဲ့အစည်းဆိုင်ရာဥပဒေကို ရေးဆွဲလျက်ရှိပါကြောင်း၊ အားလုံးပါဝင်ပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်မှု စနစ် ထွန်းကားစေခြင်းဖြင့် စားနပ်ရိက္ခာဖူလုံ၍ အာဟာရပြည့်ဝစေပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်နှင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်ဆိုသည့် အချက်ကို မိမိတို့ဝန်ကြီးဌာန၏ မျှော်မှန်းချက်အဖြစ် ထားရှိဆောင်ရွက်မှုအပေါ် သက်ဆိုင်သူအားလုံးတို့က ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီး အတွင်း လယ်ယာကဏ္ဍ၊ ကျေးလက်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး သင်တန်းသားတစ်ဦးက သင်တန်းတက်ရောက်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဟင်းသီးဟင်းရွက်မျိုးစေ့များကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများကို လည်းကောင်း ပေးအပ်ရာ သင်တန်းသူ သင်တန်းသား ကိုယ်စားလှယ်က လက်ခံရယူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သင်တန်းဆောင်များ၊ စားရိပ်သာနှင့် မျိုးစေ့သန့်စင်စက်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးနှင့် အဖွဲ့သည် မင်းလှ-စစ်ကွင်း တာဆုံ၌ ကံတင်-ဘီးလင်း ရေသောက်ဧရိယာရှိ တောင်သူများဖြင့် ဖွဲ့စည်းထားသည့် ရေအသုံးချသူများအဖွဲ့ (Water Utilizer Group-WUG) နှင့် တွေ့ဆုံ၍ တောင်သူများ၏ စိုက်ပျိုးလုပ်ကိုင်နေမှု အခြေအနေများအား မေးမြန်းပြီး အားပေးစကားပြောကြားသည်။

ထို့နောက် မင်းလှမြို့နယ် ရွှေဝါမြိုင် စိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြုလေ့လာရေးစခန်း၌ တောင်သူလယ်သမားအဖွဲ့အစည်းများဖြစ်သည့် စိုက်ပျိုးစီးပွား သမဝါယမအသင်းစုများ၊ ရိတ်သိမ်းခြွေလှေ့စက်ပိုင်ရှင်များ၊ တန်ဖိုးမြှင့် ထုတ်ကုန်လုပ်ငန်းရှင်များ၊ အကျိုးဆောင်တောင်သူများ၊ မျိုးစေ့ထုတ်တောင်သူများနှင့် တွေ့ဆုံရာ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးအောင်ဇော်နိုင်က ပဲခူးတိုင်းဒေသကြီး၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ တောင်သူလယ်သမား အသင်းအစုအဖွဲ့များ ဖွဲ့စည်းရေးအတွက် တောင်သူလယ်သမား အဖွဲ့အစည်းဆိုင်ရာ ဥပဒေကို ရေးဆွဲဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ဥပဒေ၏ရည်ရွယ်ချက် အနှစ်သာရနှင့် အကျိုးကျေးဇူးများကို လည်းကောင်း၊ တောင်သူများဘက်က ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို လည်းကောင်းရှင်းလင်းပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က CERP အရ မိုးစပါးမျိုးစေ့ထုတ်တောင်သူများအား ထောက်ပံ့ကြေးများကို ပေးအပ်ကြသည်။ ထို့နောက် ခတ္တကင်းလွတ် ဟင်းသီးဟင်းရွက် အရောင်းစင်တာတွင် ခင်းကျင်းပြသထားသည့် သီးနှံအမယ်စုံအား ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးနှင့် အဖွဲ့သည် မင်းလှမြို့နယ် သဲကောကျေးရွာ၌ Cash For Work စီမံကိန်း လုပ်ငန်း ဆောင်ရွက်ထားမှုများ နှင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ဖြင့် ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ကြို့ပင်ကောက်မြို့ မြို့လယ်ချောင်းစိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြုလေ့လာရေးစခန်းတွင် ဒေသနေ တောင်သူလယ်သမားများနှင့် တွေ့ဆုံဆွေးနွေးပြီး CERP စီမံကိန်းအရ မိုးစပါးမျိုးစေ့ထုတ်တောင်သူများထံ ထောက်ပံ့ငွေနှင့် ငါးမွေးတောင်သူများထံ ငါးသားပေါက်များကို ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ပြီး စံနမူနာပြ RS-CS မျိုးစေ့ထုတ်စိုက်ခင်းအား ကြည့်ရှုအားပေးသည်။

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်တွင် ယနေ့အထိ မိုးစပါး ၆၇၃၆၁၂ ဧက ၊ CERP အရ မိုးစပါးမျိုးစေ့ထုတ် ၁၀၂၀၅ ဒသမ ၅ ဧက စိုက်ပျိုးပြီးဖြစ်သည်။

ဆက်လက်၍ ပေါင်းတည်မြို့နယ် ကုက္ကိုလ်ကုန်းကျေးရွာ Cash For Work စီမံကိန်းဖြင့် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ထားမှုများကို ကြည့်ရှုအားပေးပြီး ဒေသနေပြည်သူများနှင့် ရင်းနှီးစွာ တွေ့ဆုံအားပေးစကား ပြောကြားသည်။

ထို့နောက် သပြေကုန်းကျေးရွာ စိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြုလေ့လာရေးစခန်းတွင် တောင်သူလယ်သမားအဖွဲ့အစည်း ခေါင်းဆောင်များနှင့် လည်းကောင်း၊ RGY-11 လက်ယာမြောင်း (၁၄၆ မိုင် ၇ ဖာလုံ) တွင် ရေအသုံးချသူများအဖွဲ့ (WUG) နှင့် တွေ့ဆုံ၍ တောင်သူလယ်သမား အသင်းအစုအဖွဲ့များ ဖွဲ့စည်းရေး ဆောင်ရွက်နေမှု အခြေအနေများ၊ ကိုဗစ် – ၁၉ ဖြတ်ကျော်ကာလ လယ်ယာကုန်ထုတ် လုပ်ငန်းများ ထိခိုက်မှုမဖြစ်ပေါ်စေရေးနှင့် ကိုဗစ်-၁၉ အလွန် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း ပုသိမ်တံတား ခံနိုင်ဝန်စမ်းသပ်ခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းနှင့် ဧရာဝတီတိုင်းဒေသကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းငွေးတို့သည် ယနေ့ နံနက်ပိုင်းတွင် ပုသိမ်တံတား တည်ဆောက်ပြီးစီး၍ (Load Test) တံတားခံနိုင်ဝန် စမ်းသပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။



**အသေးစိတ်စစ်ဆေး**

ထိုသို့စစ်ဆေးစဉ် တံတားပေါ်၌ မီတာ ၁၄၀ အကျယ်ရှိသော အခန်းတွင် တန် ၂၀ အလေးချိန်ရှိသော ၁၀ ဘီးကား ၁၂ စီးဖြင့် တံတား၏ ခံနိုင်ဝန်ကို သိရှိရန် တံတား၏ ကွေးညွှတ်မှု (Deflection) ကို တိုင်းတာခြင်းနှင့် သံမဏိသံပေါင်များ အတွင်းရှိ ခံနိုင်စွမ်းအား (Stress Intesity) တိုင်းတာခြင်းသိရှိရန်အတွက် (Static Load Test) ဆောင်ရွက်ခြင်းနှင့်တံတား၏ ဘေးတွဲကြိုး (Hanger Cable) များ၏ တင်းအား (Tension) တိုင်းတာဆောင်ရွက်ခြင်းများကို တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေအောင်ရဲမြင့်က ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက တိုင်းတာတွက်ချက်မှုအရ ထွက်ရှိလာသော ကွေးညွှတ်မှု (Deflection) နှင့် (Cable Tension) များ အသေးစိတ်စစ်ဆေးပြီး ရလဒ်များမှာ သတ်မှတ် ချက်အတွင်းရရှိသဖြင့် တံတားအား (Fit for Service) အဖြစ် ဆုံးဖြတ်သတ်မှတ်ပေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးက တံတား (Dynamic Load Test) ကို သိရှိရန်အတွက် ယနေ့မှစ၍ လူစီးကားငယ်လေးများကို တံတားမဖွင့်မီ အချိန်အထိ နေ့စဉ်နံနက် ၅ နာရီမှ ည ၇ နာရီအထိ ဖြတ်သန်းခွင့်ပြုပြီး (Dynamic Load Test) များကို နေ့စဉ်စောင့်ကြည့် မှတ်တမ်းတင်ထားရန် မှာကြားသည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် မြို့မိမြို့ဖများကို တံတားအပေါ်တွင် လူစီးကားငယ်လေးများ ဖြတ်သန်းခွင့်ပြုမည့်အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပန်းတနော်-ရွှေလောင်း-ဝါးခယ်မလမ်းပေါ်ရှိ ဝါးခယ်မတံတား တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး တံတားပြီးစီးမှုကိုလည်းကောင်း၊ ရွှေလောင်းတံတား တည်ဆောက်ပြီးစီးမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ပုသိမ်တံတား၊ ဝါးခယ်မတံတားနှင့် ရွှေလောင်းတံတားတို့သည် ယခုအခါ ၁၀၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်၍ လာမည့်စက်တင်ဘာလတွင် ဖွင့်လှစ်သွားရန် စီစဉ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## ချင်းတွင်းမြစ်ရေကြီးမှုဖြစ်ပေါ်

**ဖောင်းပြင်၊ မော်လိုက်၊ ကလေးဝ၊ မင်းကင်းနှင့်မုံရွာမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အထူးသတိပြုနေထိုင်ရန်**

**နေပြည်တော် ဩဂုတ် ၂၂**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် လေးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက် နှစ်ရက်အတွင်း တစ်ပေခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ မော်လိုက်မြို့တွင် သုံးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် လက်ရှိရေမှတ်မှ နောက် နှစ်ရက်အတွင်း တစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိ ရေမှတ်မှ နောက် နှစ်ရက်အတွင်း နှစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် မင်းတပ်မြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက် နှစ်ရက်အတွင်း နှစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ထို့အတူ မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် လက်ရှိရေမှတ်မှ နောက် နှစ်ရက်အတွင်း နှစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက် ဆက်လက်တည်ရှိနိုင်သည်။

**မိုး/ဇလ**

# နယ်သာလန်အခြေစိုက် DAMEN SHIPYARDS GORINCHEM ကုမ္ပဏီမှ ဝယ်ယူခဲ့သော ရောမောင် နှင့် သလ္လာမောင် သောင်တူးရေယာဉ်အသစ် နှစ်စင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်

ရန်ကုန် ဩဂုတ် ၂၂

ဧရာဝတီမြစ်အတွင်း ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် နယ်သာလန်အခြေစိုက် DAMEN SHIPYARDS GO-RINCHEM ကုမ္ပဏီမှဝယ်ယူခဲ့သော အရည်အသွေးမြင့် “ရောမောင်” နှင့် “သလ္လာမောင်” သောင်တူးရေယာဉ်အသစ် နှစ်စင်း (Cutter Suction Dredger–CSD 500) အား ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းရှိ JV of Myanmar Shipyards – AMECC ရုံးဝင်းအတွင်း၌ ကျင်းပသည်။



### ဒီဇိုင်းရေးဆွဲခြင်းဆောင်ရွက်

အခမ်းအနားတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှု စီမံကိန်း (Ayeyarwady Integrated River Basin Management (AIRBM) Project) ၏ စီမံကိန်းအပိုင်း(၃) ၏အစီအစဉ်ဖြင့် ဧရာဝတီမြစ်အတွင်း ရေလမ်းဖွံ့ဖြိုးရေး လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် အတွက် အရည်အသွေးမြင့် သောင်တူးရေယာဉ် နှစ်စင်း အား ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ စီမံကိန်းအပိုင်း(၃) (Component–3) အနေဖြင့် ဧရာဝတီမြစ်အတွင်း မန္တလေး မှ ညောင်ဦးအထိ ရေလမ်းဖွံ့ဖြိုးရေးအတွက် ဆောင်ရွက် ခြင်း၊ ရေလမ်းတိုင်းတာရေးစနစ်များ၊ ကိရိယာများမြှင့်တင် ခြင်း၊ (၂၄)နာရီ ရေလမ်းပြအမှတ်အသားများ တပ်ဆင် ခြင်း၊ မြစ်ကြောင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း နှင့် လုံခြုံစိတ်ချရပြီး ဈေးနှုန်းသက်သာသော ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ညောင်ဦး– ရန်ကုန်အထိ ရေကြောင်းတိုင်းတာရေး ဆောင်ရွက်ပြီး Navigation Charting ပြုလုပ်ခြင်း၊ ရေလမ်းပြအမှတ်အသားများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက် ရှိခြင်းနှင့် မန္တလေး–ညောင်ဦး ရေလမ်းဖွံ့ဖြိုးရေးအတွက် အင်ဂျင်နီယာဆိုင်ရာ ဖြစ်နိုင်ခြေ လေ့လာခြင်းနှင့် အသေးစိတ် ဒီဇိုင်းရေးဆွဲခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

### များစွာ အထောက်အကူပြုမည်

ဌာနအနေဖြင့် တစ်နိုင်ငံလုံးတွင်ရှိသည့် မြစ်ချောင်း များကို ရေလမ်းဖွံ့ဖြိုးရေး ဆောင်ရွက်နိုင်ရန် သောင်တူး ရေယာဉ်များအနေဖြင့် လက်ရှိ Cutter Suction Dredger ၁၂ စင်း၊ Backhoe Dredger ၃ စင်း၊ Grab Dredger တစ်စင်း၊ Trailing Suction Dredger တစ်စင်း၊ Work boat ၁၂ စင်း၊ Split Barge လေးစင်းနှင့် Amphibious Multipurpose Dredger တစ်စင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ဌာနတွင် လက်ရှိစွမ်းရည် အမြင့်ဆုံးသောင်တူး သင်္ဘောမှာတစ်နာရီလျှင် ကုဗမီတာ ၄၀၀ သာ တူးဖော်နိုင်ပြီး ယခု CSD–500 သောင်တူး ရေယာဉ်များမှာ တစ်နာရီလျှင် ကုဗမီတာ ၁၀၀၀ အထိ တူးဖော်ပေးနိုင်မည်ဖြစ်၍ ဌာနလုပ်ငန်းများကို များစွာ အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း၊ ယင်းနောက် ရန်ကုန်–မန္တလေးသင်္ဘောများ ရာသီမရွေး ၂၄ နာရီ သွားလာ နိုင်ရန်နှင့် နိုင်ငံ၏ ကုန်စည် စီးဆင်းမှုကို ကုန်ကျစရိတ် သက်သာစွာဖြင့် ပို့ဆောင်နိုင်ရန်အတွက် ယခုဝယ်ယူခဲ့သော သောင်တူးသင်္ဘောနှစ်စင်းကြောင့် နိုင်ငံ၏ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီး Mr. Wouter Jurgens က မြန်မာနိုင်ငံ နှင့် ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုများအတွက် နယ်သာလန်နိုင်ငံ အနေဖြင့် အမြဲအဆင်သင့်ရှိပါကြောင်း၊ ရေနှင့်ဆိုင်သော သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲမှုများတွင်လည်း ဆက်လက်ပူးပေါင်း ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ သည် သောင်တူး ရေယာဉ်သစ်များ၏ မှတ်တမ်းဗီဒီယို ပြသမှုကို ကြည့်ရှုကြသည်။

### လွှဲပြောင်းပေးအပ်

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီး Mr. Wouter Jurgens နှင့် ပြည်ထောင်စု ဝန်ကြီး ဦးသန့်စင်မောင်တို့က အမှတ်တရလက်ဆောင် များကို အပြန်အလှန်ပေးအပ်ကြပြီး “ရောမောင်”နှင့် “သလ္လာမောင်” သောင်တူးရေယာဉ်သစ် နှစ်စင်းနှင့် သက်ဆိုင်သည့်စာရွက်စာတမ်းများကို DAMEN ကုမ္ပဏီ ကိုယ်စားလှယ်က ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဝင်းလှိုင်ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ သံအမတ်ကြီးနှင့် တာဝန်ရှိသူများသည် သောင်တူး ရေယာဉ်သစ်များပေါ်သို့ လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။(အပေါ်ဝဲပုံ)

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးတင်လတ် ရန်ကုန်တိုင်းဒေသကြီးရှိ ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၂

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ River Cruise ဖြင့် လည်ပတ်နိုင်ရေး ခရီးစဉ်နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)



အစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်၊ တိုင်းရင်းသား အခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းအေးကို၊ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ လက်မှုအနုပညာရှင်များအသင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံခရီးသွား ဈေးကွက်မြှင့်တင်ရေးအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်က ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ပြည်တွင်းခရီးသွားပြည်သူများ၏ ခရီးသွားလာမှုပုံစံများ ပြောင်းလဲသွားပါကြောင်း၊ လူဦးရေထူထပ်သော နေရာများစားသောက်ဆိုင်များသို့ သွားလာလည်ပတ်သည့်ပုံစံမှ ဘေးကင်းလုံခြုံမှုရှိပြီး လူထူထပ်မှုမရှိသော အပန်းဖြေနေရာများနှင့် စားသောက်ဆိုင်များကိုသာ သွားလာလည်ပတ်သည့် ပုံစံသို့ ပြောင်းလဲလာပါကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသည် ထိုကဲ့သို့ ခရီးစဉ်ဒေသမျိုးဖြစ်အောင် ဖော်ဆောင်နိုင်သည့် အလားအလာများစွာရှိပါကြောင်း၊ ထိုကဲ့သို့ဖော်ဆောင်ရာတွင် ခရီးသွားများ River Cruise ဖြင့် လာရောက်ကာတိုင်းရင်းသားကျေးရွာတွင် ဆိုက်ကပ်၍ အပန်းဖြေနားနေစားသောက်နိုင်သည့် ခရီးစဉ်မျိုးဖြစ်အောင် တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် တိုင်းရင်းသားကျေးရွာမှ တာဝန်ရှိသူများက ပူးပေါင်းဖော်ဆောင်ပါက ပြည်တွင်းခရီးသွားများ လာရောက်လည်ပတ်ရန် များစွာ အလားအလာရှိပါကြောင်း၊ စနစ်တကျနှင့် အများပြည်သူကို ဘေးအန္တရာယ်မဖြစ်စေမည့် ခရီးသွားလုပ်ငန်းအဖြစ် အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦးက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသည် တိုင်းရင်းသားအမွေအနှစ် မပျောက်စေရေးကို မြှင့်တင်ရေးနှင့် အများပြည်သူ ရုံးပိတ်ရက်များတွင် အပန်းဖြေလာရောက်လည်ပတ်နိုင်ရေးအတွက် ရည်ရွယ်ပါကြောင်း၊ ဘာသာမျိုးစုံ၊ လူမျိုးပေါင်းစုံ၊ ပွဲလမ်းသဘင်မျိုးစုံတို့ကို စုပေါင်းကျင်းပနိုင်သည့် Ethnic Community Point အဖြစ် ဆောင်ရွက်လိုပါကြောင်း၊ တိုင်းရင်းသားကျေးရွာတွင် တိုင်းရင်းသားလူမျိုးကြီး(၈)မျိုး၏ ရိုးရာယဉ်ကျေးမှုနှင့် နေထိုင်မှု ဓလေ့စရိုက်များကို ပုံဖော်ပြသထားပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၆)ခု၏ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို ထပ်မံထည့်သွင်းပြသနိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိကာလတွင် ပြည်ပခရီးသွားများထက် ပြည်တွင်းခရီးသွားဧည့်သည်များကို ပိုမိုလာရောက်လည်ပတ်နိုင်ရေး ရည်မှန်းချက်ထားရှိဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ တာဝန်ခံအရာရှိက ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် တိုင်းရင်းသားကျေးရွာ ပိတ်ထားသည့် အချိန်ကာလအတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့် ခရီးသွားဧည့်သည်များ River Cruise ဖြင့် လာရောက်လည်ပတ်နိုင်ရေး ဆိပ်ခံဇောတံတား ဆောင်ရွက်၍ ရနိုင်မည့် လျာထားနေရာကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ လက်မှုအနုပညာရှင်များအသင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ခရီးသွားဈေးကွက်မြှင့်တင်ရေး အသင်းတို့မှ တာဝန်ရှိသူများက ၎င်းတို့၏လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီး ဦးတင်လတ်နှင့် ဒုတိယဝန်ကြီး ဦးလှမော်ဦးတို့က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကာ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး ဦးတင်လတ်သည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံခရီးသွား ဈေးကွက်မြှင့်တင်ရေးအသင်းတို့မှ တာဝန်ရှိသူများနှင့်အတူ တိုးပွား River cruise ဖြင့် လိုက်ပါ၍ ရန်ကုန်မြစ်အတွင်း အပျော်စီးရေယာဉ်ခရီးစဉ် ဖွံ့ဖြိုးရေး ဆောင်ရွက်နိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘီးလင်းမြို့နယ် အဟုံးဝကျေးရွာ၌ အခြေခံအပ်ချုပ်စက်သင်တန်း ဖွင့်လှစ်

ဘီးလင်း ဩဂုတ် ၂၂

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်တစ်ခုအဖြစ် အခမဲ့ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၁ ရက်က ဘီးလင်းမြို့နယ် အဟုံးဝကျေးရွာ၌ ဖွင့်လှစ်သည်။

အခမ်းအနားတွင် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမောင်က သင်တန်းဖွင့်အမှာစကားပြောကြားကာ သထုံခရိုင်ဦးစီးမှူး ဦးမိုးဝင်းက ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ရပ်တည်လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ သင်တန်းကို အခမဲ့ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး သင်တန်းသူများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းကို ကျွမ်းကျင်နည်းပြဆရာများဖြင့် အဟုံးဝကျေးရွာမှ သင်တန်းသူ ၂၀ အား သင်တန်းကာလ တစ်လကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မျိုးဆက်သစ် လူရည်ချွန်များအား ဂုဏ်ပြုအပ်ပါသည်

**သီတာမြင့်**

၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံတော်က ရွေးချယ်ချီးမြှင့်ခြင်းခံရသည့် မျိုးဆက်သစ် လူရည်ချွန်လေးများအား ဂုဏ်ပြုပွဲကို တစ်နိုင်ငံလုံးရှိ ခရိုင်မြို့အများစုတွင် ၂၁-၈-၂၀၂၀ ရက် သောကြာနေ့က တစ်ပြိုင်နက်ကျင်းပရာ ၁၉၆၄-၁၉၈၈ ခုနှစ်အတွင်း ရွေးချယ်ချီးမြှင့်ခြင်းခံခဲ့ရသည့် လူရည်ချွန်ကြီးများက မိမိတို့နီးစပ်ရာ ခရိုင်မြို့များသို့ သွားရောက်ပူးပေါင်း၍ ဂုဏ်ပြုခဲ့ကြပါသည်။

### ဂုဏ်ပြုပွဲများ ပြုလုပ်

ပုံမှန်အားဖြင့် နိုင်ငံတော်က ချီးမြှင့်ခံရသည့် လူရည်ချွန်များသည် ငွေဆောင်ကမ်းခြေ၊ အင်းလေးခေါင်တိုင်၊ ပုဂံအပန်းဖြေစခန်း စသည်တို့တွင် အပန်းဖြေရင်း ဒေသန္တရလေ့လာရေးခရီးစဉ်များ သွားရောက်ကြရပါသည်။ ယခုနှစ်တွင် Covid-19 ကြောင့် အပန်းဖြေစခန်းများသို့ သွားရောက်ခွင့်မရကြဘဲ ခရိုင်အလိုက် ဂုဏ်ပြုပွဲများ ပြုလုပ်ကြခြင်း ဖြစ်သည်။

ကျွန်မအနေဖြင့် ၁၉၇၈၊ ၁၉၈၀၊ ၁၉၈၁ ခုနှစ်တို့တွင် လူရည်ချွန်ဆု (၃) ကြိမ်ချီးမြှင့်ခံခဲ့ရသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင် လူရည်ချွန်များ ဂုဏ်ပြုပွဲသို့ တက်ရောက်ချီးမြှင့်ခွင့် ရရှိခဲ့ပါသည်။

လူရည်ချွန်များသည် ကျောင်းစာသာမက ကြံ့ခိုင်စွမ်းရည်နှင့် အသက်အရွယ်၊ အတန်းပညာနှင့် လျော်ညီသော ဗဟုသုတပြည့်ဝသူများ၊ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ထူးချွန်သူများ၊ စည်းကမ်း၊ စိတ်ဓာတ်ကောင်းသူများ ဖြစ်ကြပါသည်။

### စံပြအဖြစ် ရပ်တည်လုပ်ကိုင်ပြ

လူရည်ချွန်များအနေဖြင့် တစ်ဦးချင်းစီတွင် အထက်ပါအရည်အချင်းများနှင့် ပြည့်စုံပြီး ဖြစ်ကြသော်လည်း မိမိပတ်ဝန်းကျင် အသိုင်းအဝိုင်းကိုပါ စည်းကမ်းကောင်းရန်၊ စိတ်ဓာတ်ကောင်းမွန်ခိုင်မာရန်၊ ဘာသာရပ်များ ကျွမ်းကျင်ပိုင်နိုင်ရန် ပံ့ပိုးကူညီရမည့် တာဝန်လည်းရှိနေပါသည်။

မိမိကိုယ်တိုင်မှစ၍ မိမိပတ်ဝန်းကျင်ကို ကောင်းမွန်အောင် ဆောင်ရွက်ရာတွင် နှုတ်ကပြောရုံဖြင့် မလုံလောက်ဘဲ မိမိကိုယ်တိုင် စံပြအဖြစ် ရပ်တည်လုပ်ကိုင်ပြခြင်းဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။



၂၁-၈-၂၀၂၀ ရက်က ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် လူရည်ချွန်ဆုပေးပွဲ အခမ်းအနား ကျင်းပစဉ်။

၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း လူရည်ချွန် ရရှိခဲ့ကြသော လူရည်ချွန်ကြီးများသည် ယနေ့အချိန်အခါ၌ ပညာရေးနယ်ပယ်တွင် ဆရာကြီးများ၊ ဆရာမကြီးများ၊ နိုင်ငံတော်နှင့် ပြည်သူများ၏ အရေးအရာများကိုဆောင်ရွက်နေသော လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားများ၊ ရေကြောင်းလေကြောင်း ပညာရှင်များ၊ အင်ဂျင်နီယာများ၊ ဆရာဝန်ကြီးများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများ၊ နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်နေသူများအဖြစ် မိမိနိုင်ငံအတွက် တစ်ထောင့်တစ်နေရာမှ ပါဝင်ဆောင်ရွက်နေသူများ ဖြစ်နေပြီဖြစ်ပါသည်။

၁၉၆၄ - ၁၉၈၈ လူရည်ချွန်ကြီးများအနက် ခေတ်အဆက်ဆက်တွင် နိုင်ငံတော်အဆင့်ထိ တာဝန်ထမ်းဆောင်ခဲ့သူများ ရှိခဲ့သကဲ့သို့ ယခုလက်ရှိအချိန်အခါတွင်လည်း နိုင်ငံတော်အဆင့် တာဝန်ထမ်းဆောင်နေသူများ ရှိပါသည်။

### လေးလေးနက်နက် ကြိုးစားလေ့လာ

မျိုးဆက်သစ်လူရည်ချွန်များအနေဖြင့်လည်း နောင်တစ်ချိန်တွင် ယနေ့လူရည်ချွန်ကြီးများ ပါဝင်ဆောင်ရွက်နေသည့် လုပ်ငန်းနယ်ပယ်များတွင် ဆက်လက်ပါဝင်ဆောင်ရွက်သည့်အခါ လူရည်ချွန်ကြီးများထက် မနိမ့်သော၊ လူရည်ချွန်ကြီးများထက် ပိုမိုသာလွန်သော အရည်အချင်းများဖြင့် ဆောင်ရွက်နိုင်ရန် ယခုမှစ၍ မိမိလေ့လာသင်ယူရမည့် ဘာသာရပ်များ၊ ဗဟုသုတများကို လေးလေးနက်နက် ကြိုးစားလေ့လာရန် တိုက်တွန်းပါသည်။

နောက်မျိုးဆက်သစ်သည် လက်ရှိ မျိုးဆက်ထက် ပိုမိုသာလွန်မှသာလျှင် အဘက်ဘက်မှ တိုးတက်ကောင်းမွန်သော နိုင်ငံတစ်နိုင်ငံ ဖြစ်လာမည်ဖြစ်ပါသည်။

နောက်မျိုးဆက်သစ်သည် လက်ရှိမျိုးဆက်ကိုမမီလျှင်၊ နိမ့်ကျလျှင် နိုင်ငံသည်လည်း ပို၍ပို၍ နိမ့်ကျရန်သာ ရှိပါမည်။

မျိုးဆက်သစ် လူရည်ချွန်များအပါအဝင် လူငယ်များ အရည်အချင်းနှင့် စိတ်ဓာတ်တိုးတက်ကောင်းမွန်ရန် လူငယ်များကိုယ်တိုင် ကြိုးစားရမည်ဖြစ်သကဲ့သို့ ယနေ့လူရည်ချွန်ကြီးများ အပါအဝင် ကဏ္ဍပေါင်းစုံမှ လူကြီးပိုင်းသို့ ရောက်ရှိနေကြပြီဖြစ်သော ပုဂ္ဂိုလ်များက မိမိတို့လက်လှမ်းမီသရွေ့ လူငယ်လူရွယ်များကို လေ့ကျင့်ပျိုးထောင်ပေးပါရန်လည်း အကြံပြုတိုက်တွန်းအပ်ပါသည်။

### လွယ်ကူစွာလေ့လာနိုင်ပြီ

နိုင်ငံတော်အနေဖြင့်လည်း မြန်မာနိုင်ငံကင်းထောက်အဖွဲ့၊ လူရည်ချွန်စီမံကိန်း စသည်ဖြင့် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိပါသည်။

လူငယ်လူရွယ်များအနေဖြင့်လည်း ကျောင်းစာသာမက ကြံ့ခိုင်သန်စွမ်းသော နိုင်ငံသားများဖြစ်ရန် မိမိဝါသနာပါရာ အားကစား သို့မဟုတ် ကိုယ်လက်လှုပ်ရှားမှုတစ်ခုခုကို လေ့ကျင့်ပြုလုပ်သင့်ပါသည်။ ခန္ဓာကိုယ် ကြံ့ခိုင်သန်စွမ်းမှသာ မိမိလေ့လာလိုသော ပညာများကို ဉာဏ်ရည်ဉာဏ်သွေးမြင့်မားစွာဖြင့်၊ ခံနိုင်ရည်မြင့်မားစွာဖြင့် ထိရောက်စွာလေ့လာနိုင်မည် ဖြစ်ပါသည်။ လေ့ကျင့်ခန်းလုပ်ရန် အထောက်အကူပစ္စည်းများကိုလည်း သက်ဆိုင်ရာမြို့နယ်တော်တော်များများတွင် တပ်ဆင်ပေးထားသည်ကို တွေ့ရှိရပါသည်။ လေ့ကျင့်ခန်းလုပ်ရန် အထောက်အကူပစ္စည်းများမရှိသည့် ဒေသများတွင် ကိရိယာလွတ်လေ့ကျင့်ခန်းများ ပြုလုပ်နိုင်ပါသဖြင့် ပြင်းထန်သည့် ရောဂါအခံမရှိသူ လူငယ်များအနေဖြင့် လေ့ကျင့်ခန်းပြုလုပ်ရန် အကြံပြုတိုက်တွန်းပါသည်။ ပြင်ပဗဟုသုတများ လေ့လာရန်အတွက်လည်း အင်တာနက်အသုံးပြု၍ရသောနေရာများတွင် လွယ်ကူစွာလေ့လာနိုင်ပြီ ဖြစ်ပါသည်။ အင်တာနက်မရသေးသည့် နေရာတွင်ပင်လျှင် စာအုပ်စာစောင်များရရှိမှုမှာ ယခင်ကထက် ပိုမိုလွယ်ကူလာပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မျိုးဆက်သစ်လူရည်ချွန်မောင်မယ်များအား စဉ်ဆက်မပြတ် ကြိုးစားလေ့လာသွားရန် တိုက်တွန်းလျက် ထူးချွန်ထက်မြက်သော နိုင်ငံ၏အနာဂတ်ခေါင်းဆောင်ကောင်းများဖြစ်ကြပါစေဟု ဆုမွန်ကောင်းများပို့သ၍ ဂုဏ်ပြုလိုက်ပါသည်။ ။

**"မျိုးဆက်သစ် လူရည်ချွန်များအနေဖြင့်လည်း နောင်တစ်ချိန်တွင် ယနေ့လူရည်ချွန်ကြီးများ ပါဝင်ဆောင်ရွက်နေသည့် လုပ်ငန်းနယ်ပယ်များတွင် ဆက်လက်ပါဝင်ဆောင်ရွက်သည့်အခါ လူရည်ချွန်ကြီးများထက် မနိမ့်သော၊ လူရည်ချွန်ကြီးများထက် ပိုမိုသာလွန်သော အရည်အချင်းများဖြင့် ဆောင်ရွက်နိုင်ရန် ယခုမှစ၍ မိမိလေ့လာသင်ယူရမည့် ဘာသာရပ်များ၊ ဗဟုသုတများကို လေးလေးနက်နက် ကြိုးစားလေ့လာ"**

## ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဥတ္တရခရိုင်အတွင်းမှ ဘက်စုံထူးချွန်စွာ အောင်မြင်ခဲ့သည့် လူရည်ချွန်များအား ဂုဏ်ပြုဆုချီးမြှင့်

**ပုဗ္ဗသီရိ ဩဂုတ် ၂၂**

၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဥတ္တရခရိုင်အတွင်းရှိ မြို့နယ်များမှ ဘက်စုံထူးချွန်စွာ အောင်မြင်ခဲ့သည့် လူရည်ချွန် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့က ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းက ဂုဏ်ပြုအမှာစကား ပြောကြားပြီး (၁၉၆၄-၁၉၈၈) လူရည်ချွန်အဖွဲ့၏ လူရည်ချွန်ကြီးများ ကိုယ်စား နေပြည်တော် ခုတင်-၁၀၀၀ ဆေးရုံမှ ပါမောက္ခ ဒေါက်တာတင့်တင့်ကြည် (ဆေးပညာ)က ဂုဏ်ပြုစကား ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ လူရည်ချွန်ကြီးများနှင့် တာဝန်ရှိသူတို့က လူရည်ချွန်ဆုရ ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုများ၊ လူရည်ချွန်အမှတ်တံဆိပ် ရင်ထိုးများနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကာ လူရည်ချွန် မောင်/မယ်များ ကိုယ်စား ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်နှင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်များတွင် လူရည်ချွန်ဆုရရှိခဲ့သော မောင်စည်သူသက်ဟိန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

နေပြည်တော် ဥတ္တရခရိုင်မှ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် CAE ကိုယ်ပိုင် အထက်တန်းကျောင်းမှ လူရည်ချွန်ငါးဦးနှင့် တပ်ကုန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ လူရည်ချွန်တစ်ဦး စုစုပေါင်း လူရည်ချွန် ခြောက်ဦး မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ကောလင်းမြို့နယ်တွင် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

**ကောလင်း ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်တွင် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၈ နာရီက မြေနီအုပ်စု တံဖူးကျေးရွာရှိ တောင်သူ ဦးမြစန်းငွေ၏ လယ်မြေ၌ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ အခမ်းအနားသို့ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင့်နိုင်ဝင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနဝန်ထမ်းများနှင့် စပါးစိုက်တောင်သူများ တက်ရောက်ခဲ့ပြီး စပါးခင်း ၆၅ ဧကအတွင်းသို့ ငါးခုံးမကြီး၊ ရွှေဝါငါးကြင်း၊ တီလားဗီးယား စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၃၂၅၀၀ ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ကိုရီးယား-မြန်မာ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဆိုင်ရာ ဆရာ အတတ်သင်သိပ္ပံ Korea-Myanmar TVET Teacher Training Institute (KMTTTI) ဖွင့်လှစ်နိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် ဩဂုတ် ၂၂**

ကိုရီးယား-မြန်မာ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဆိုင်ရာ ဆရာ အတတ်သင်သိပ္ပံ Korea-Myanmar TVET Teacher Training Institute (KMTTTI) ဖွင့်လှစ်နိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကိုရီးယား-မြန်မာနည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဆိုင်ရာ ဆရာအတတ်သင်သိပ္ပံ Korea-Myanmar TVET Teacher Training Institute (KMTTTI) ၌ ကျင်းပသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ကိုရီးယားသမ္မတနိုင်ငံအစိုးရ၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)တို့၏ ကူညီထောက်ပံ့မှုဖြင့် KMTTTI တည်ဆောက်ရေးလုပ်ငန်းများ အောင်မြင်စွာ ပြီးစီးလာသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာန အနေဖြင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နည်းပညာ၊ သက်မွေးပညာကဏ္ဍ တိုးတက်လာရေးအတွက်လည်း အစဉ်တစိုက်ပြုပြင်ပြောင်းလဲ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊Korea-Myanmar TVET Teacher Training Institute (KMTTTI) တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် ဆွေးနွေးမှုမှတ်တမ်း(RoD)အရ KMTTTI ကျောင်းသည် နည်းပညာနှင့်သက်မွေးပညာကဏ္ဍမှ ဆရာ၊ ဆရာမများ၏အရည်အသွေးများကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည့်အတွက် ပညာရေးဝန်ကြီးဌာနက အလေးထား ဆောင်ရွက်နေသည့် နည်းပညာနှင့် သက်မွေးပညာရေးကဏ္ဍ အရည်အသွေး မြှင့်တင်ရေး ဆောင်ရွက်မှုများအတွက် များစွာအထောက်အကူ ဖြစ်စေပါကြောင်း။

### ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်

KMTTTI သင်တန်းကျောင်းတွင် တက်ရောက်မည့် သင်တန်းသား ဆရာ၊ ဆရာမများအနေဖြင့်လည်း နိုင်ငံတကာအဆင့်မီသည့် အရည်အသွေးရှိသော နည်းပညာများကို သင်ယူလေ့ကျင့်ခွင့်ရရှိမည်ဟု ယုံကြည်ပါကြောင်း၊ Korea-Myanmar TVET Teacher Training Institute (KMTTTI)ကို အစီအစဉ် (၃)ရပ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး ပထမအနေဖြင့် ဆရာ ဆရာမများအား လေ့ကျင့်ပေးနိုင်ရန်အတွက် လေ့ကျင့်ရေးစင်တာ(TVET Teacher Training Center)ကို လည်းကောင်း၊ ဒုတိယအနေဖြင့် ဆရာ၊ ဆရာမများ လေ့ကျင့်သင်ကြားသင်ယူမှု လုပ်ငန်းစဉ်များနှင့် ဆက်စပ်ဆောင်ရွက်မည့် စံနမူနာပြ အစိုးရစက်မှုလက်မှုသိပ္ပံ(၁)ကျောင်း (Model GTI) အား လည်းကောင်း၊ တတိယအနေဖြင့် အသက်မွေးဝမ်းကျောင်းနှင့် ကိုက်ညီသော စွမ်းဆောင်ရည်ပြည့်ဝသည့် နည်းပညာရှင်များ မွေးထုတ်နိုင်ရေး နည်းပညာနှင့် သက်မွေးပညာကဏ္ဍအား စက်မှုလုပ်ငန်းရှင်များနှင့်ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရန်အတွက် သုတေသနဖွံ့ဖြိုးတိုးတက်ရေးစင်တာ (Research & Development Center) ကို လည်းကောင်း တစ်ပါတည်းဆောင်ရွက်သွားမည်




ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် KMTTTI အတွက် လိုအပ်သည့် လုပ်ငန်းစဉ်များအားလုံးကို အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းပံ့ပိုးကူညီ ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ KMTTTI တည်ထောင်ဖွင့်လှစ်နိုင်ရေး KOICA မှ လိုအပ်သော အဆောက်အဦနှင့် သင်ကြားရေးအထောက်အကူပြုပစ္စည်း ကိရိယာများ ဖြည့်ဆည်းရေးတို့အတွက် ဘဏ္ဍာငွေထောက်ပံ့ပေးသကဲ့သို့ ဆရာ၊ ဆရာမများ လေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် သင်ရိုးညွှန်းတမ်းများ ပြုစုခြင်း၊ သင်တန်းများပေးခြင်း စသည့် နည်းပညာအကူအညီများလည်း ပံ့ပိုးပေးလျက်ရှိပါကြောင်း၊ ထို့ပြင် အဆောက်အဦများ အချိန်မီပြီးစီးနိုင်ရေးအတွက် လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ကိုဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တာဝန်ယူဆောက်လုပ်နေသည့် သက်ဆိုင်ရာ ဆောက်လုပ်ရေးကုမ္ပဏီများမှလည်း အချိန်မီအရည်အသွေးပြည့်မီစွာ ပြီးစီးအောင် ဆောင်ရွက်ပေးရန် မေတ္တာရပ်ခံလိုပါကြောင်း၊ Korea-Myanmar TVET Teacher Training Institute (KMTTTI) Soft Opening Ceremony ကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလအတွင်း ကျင်းပရန် လျာထားဆောင်ရွက်လျက် ရှိပါကြောင်း၊ မိမိအနေဖြင့် ကိုရီးယား-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး အငွေ့ရှည်စေရန် အလေးထားဆောင်ရွက်ရေးအတွက် သိသာထင်ရှားသည့် သမိုင်းမှတ်တိုင် တစ်ခုအဖြစ် တည်ရှိနေမည့် KMTTTI အား အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အားလုံးအတူ ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

### လှည့်လည်ကြည့်ရှုစစ်ဆေး

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်းဟွာက အမှာစကားပြောကြားခဲ့ပြီး ကိုရီးယား-မြန်မာနည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဆိုင်ရာ ဆရာအတတ်သင်သိပ္ပံ (KMTTTI) ကျောင်းအုပ်ဆရာကြီး ဒေါက်တာမျိုးသူရနှင့် Project Manager ဦးအောင်ခိုင်ဟိန်းတို့က ကျောင်းတည်ဆောက်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် အစည်းအဝေးတက်ရောက်လာသူများမှ KMTTTI ကျောင်းဝင်းအတွင်းရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် စက်မှုနည်းပညာ လေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း (SITE) သို့သွားရောက်ပြီး ကျောင်းအုပ်ကြီး၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံကာ သင်ကြားသင်ယူရေး၊ စီမံခန့်ခွဲရေးရာဆိုင်ရာ ကိစ္စရပ်များ၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် ကိုဗစ်ကာလအတွင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

### တွေ့ဆုံ

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပါမောက္ခချုပ်များကော်မတီရုံး အစည်းအဝေးခန်းမ၌ အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ရေးကော်မတီ၊ ပါမောက္ခချုပ်များကော်မတီ၊ ပါမောက္ခချုပ်များနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိမှုနှင့် ပတ်သက်၍ ပုဂ္ဂလိက ပုံနှိပ်လုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရန်အချက်များ တွေ့ဆုံရှင်းလင်း

**နေပြည်တော် ဩဂုတ် ၂၂**

၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များကို ပုဂ္ဂလိကလုပ်ငန်းရှင်များအား အပ်နှံဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် အချက်များ အသိပေးရှင်းလင်းခြင်းကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမကြီး၌ ပြုလုပ်သည်။ **(ယာပုံ)**



အသိပေးရှင်းလင်းပွဲသို့ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ကျောင်းသုံးစာအုပ်များ ဖြန့်ချိရေးဆပ်ကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြင်ပပုဂ္ဂလိက ပုံနှိပ်လုပ်ငန်းရှင်များ၊ စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆပ်ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသော ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် ဦးဝင်းမော်ထွန်းတို့က ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ လုပ်ငန်းအပ်နှံဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် ပတ်သက်၍ တွေ့ဆုံရှင်းလင်းရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျောင်းသုံးစာအုပ်များကို ပုံနှိပ်ထုတ်လုပ်ဖြန့်ချိရာတွင် အချိန်မီ၊ အရည်အသွေးမီဖြစ်စေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားကြသည်။

ထို့နောက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ကျောင်းသုံးစာအုပ်များ ဖြန့်ချိရေးဆပ်ကော်မတီအတွင်းရေးမှူး အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းနှင့် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီအတွင်းရေးမှူး ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့က ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များ ပုံနှိပ်ထုတ်လုပ်ဖြန့်ချိရေးနှင့် ပတ်သက်၍ တင်ဒါဝင်ရောက်ယှဉ်ပြိုင်ရာတွင် ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုး၊ ပို့ဆောင်ခြင်းလုပ်ငန်းစဉ် အဆင့်ဆင့်၌ သိရှိလိုက်နာ ဆောင်ရွက်ရန် အချက်များ၊ စာချုပ် ချုပ်ဆိုရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ပုံနှိပ်လုပ်ငန်းများသို့ လုပ်ငန်းဆောင်ရွက်နိုင်မှု စစ်ဆေးရာတွင် ပါဝင်ပူးပေါင်းဆောင်ရွက်ပေးရမည့်အချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက်တက်ရောက်လာကြသည့် ပြင်ပပုဂ္ဂလိက လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားပြီး ဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်သည့် ဒုတိယဝန်ကြီးများက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ် ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။ **သတင်းစဉ်**

# Sun Outage ဖြစ်စဉ်ကြောင့် ရုပ်သံထုတ်လွှင့်မှုများ ၃ မိနစ်မှ ၁၈ မိနစ်ခန့်အထိ ပြတ်တောက်မည့်အခြေအနေ အသိပေးတင်ပြ

**နေပြည်တော် ဩဂုတ် ၂၂**

နေ၊ ဂြိုဟ်တုနှင့် TVRO(စလောင်း)တို့ တစ်တန်းတည်းကျရောက်ချိန်တွင် Sun Outage ဖြစ်ပေါ်သည်။ ယင်းသို့ Sun Outageဖြစ်ပေါ်ချိန်တွင် ဂြိုဟ်တုမှ ပေးပို့ထုတ်လွှင့်နေသော အရုပ်/အသံအချက်အလက်များ ခေတ္တယာယီ ပြတ်တောက်မှုများ ဖြစ်ပေါ်လေ့ရှိသည်။ Sun Outage ဖြစ်စဉ်မှာ နှစ်စဉ်ကြုံတွေ့ရလေ့ရှိသည့် သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပြီး နှစ်စဉ် မတ်လတွင် တစ်ကြိမ်၊ စက်တင်ဘာလကုန်နှင့် အောက်တိုဘာလဆန်းတို့တွင် တစ်ကြိမ် ကြုံတွေ့ရလေ့ရှိသည်။ ၎င်းဖြစ်စဉ်သည် ထုတ်လွှင့်သည့် ဂြိုဟ်တု၊ ဖမ်းယူသည့် TVRO(စလောင်း)အရွယ်အစားနှင့် တည်နေရာတို့အပေါ်မူတည်၍ Sun Outage ဖြစ်သော အချိန်နှင့် Signal ပြတ်တောက်မှု ကြာချိန်တို့ ကွာခြားမှုရှိသည်။ Thaicom-6 ဂြိုဟ်တုကို အသုံးပြု၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော TV Channel များနှင့် ရေဒီယိုအစီအစဉ်များသည် ၂၅-၉-၂၀၂၀ ရက်မှ ၅-၁၀-၂၀၂၀ရက်နေ့အတွင်း နေ့စဉ် ၃ မိနစ်မှ ၁၈ မိနစ်ခန့်အထိ Sun Outage ဖြစ်စဉ်ကြောင့် Signal ပြတ်တောက်မှု ဖြစ်ပေါ်နိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# လက်တွေ့လုပ်ငန်းခွင်သင်တန်းများမှ အတတ်ပညာများဖြင့် စတင်လာတော့မည့် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ

နန္ဒာ၊ ဟန်နီ၊ ခတ်ပုံ - ထိန်နန်နေ၁်



ညွှန်ကြားရေးမှူးချုပ် ဦးခွန်အေးနိုင်



မမေဇင်ဇော်



မခင်မင်းစံ

သင်တန်းတွင် ကိတ်မုန့်၊ နနွင်းမကင်း၊ ရေခဲမုန့် စသည့် မုန့်လုပ်နည်းများ သင်ကြားပေးလျက်ရှိသည်။ သင်တန်းပြီးပါက Bakery ဆိုင်တစ်ခု ဖွင့်လှစ်ရန် စိတ်ကူးထားသည့်အတွက် မမေဇင်ဇော်သည် ကြိုးစားသင်ယူလျက်ရှိသည်။

"ဒီလိုသင်တန်းတွေဖွင့်တော့ ကလေးရှိတဲ့ အိမ်ထောင်သည် အမျိုးသမီးတွေအတွက် တစ်ဖက်တစ်လမ်းက ဝင်ငွေရှာဖို့ အများကြီးအထောက်အပံ့ပြုပါတယ်။ အိုးမကွာအိမ်မကွာနဲ့ စီးပွားရှာနိုင်တယ်။ အပြင်မှာ ဒီလိုသင်တန်းတက်မယ်ဆိုရင် သင်တန်းကြေး အများကြီး ပေးရမှာပါ။ နေ့စားခအဖြစ် ညီမတို့ကို ပြန်ပေးတော့ ဝင်ငွေတစ်ခုရနေသလို အဆင်ပြေတယ်" ဟု ၎င်းက ပြောသည်။

မမေဇင်ဇော်ကဲ့သို့ပင် သင်တန်းပြီးပါက ကိုယ်ပိုင်တံဆိပ်တစ်ခုဖြင့် စီးပွားရေးလုပ်ငန်းတစ်ခုလုပ်လိုသည့် မခင်မင်းစံက "သင်တန်းပြီးရင် ကိုယ်ပိုင်တံဆိပ်တစ်ခုနဲ့ စီးပွားရေးလုပ်ဖို့ စဉ်းစားထားပါတယ်။ သင်တန်းမှာ မုန့်လုပ်နည်းအမျိုးမျိုးသင်ရတယ်။ အဓိကက သဘာဝ အသီးအနှံတွေနဲ့ မုန့်လုပ်တဲ့နည်းတွေပါတယ်" ဟု ပြောသည်။

**စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း**

၎င်းတို့သည် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)တွင် ဖွင့်လှစ်သည့် တန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာ သင်တန်းတွင် တက်ရောက်နေကြသူများဖြစ်သည်။

**နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ချမှတ်ထားရှိ**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများကို နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ချမှတ်ထားရှိကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လတ်တလောကာလအတွင်း နိုင်ငံတော်က ချမှတ်ထားသည့် ကိုဗစ်ကာလစီးပွားရေး ကုစားမှုအစီအစဉ် (COVID–19 Economic Relief Plan – CERP) အရ ကျေးလက်ဒေသနေ မိသားစုများ ဝင်ငွေလျော့နည်းလာမှု၊ စားဝတ်နေရေး အခက်အခဲများအပေါ် ကုစားပေးနိုင်ရန် Cash For Work စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

"ကျွန်တော်တို့ဌာနကတော့အရင်ကတည်းကလည်း အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးရတဲ့ဌာန ဖြစ်တဲ့အတွက် ကာလတိုအသက်မွေးဝမ်းကျောင်းပညာတွေကို သင်ပေးပြီး စားဝတ်နေရေးကို ဖန်တီးလို့ရအောင် အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ပိုမိုရရှိလာအောင် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ Cash for Work နဲ့ဆက်စပ်ပြီး Cash for Learning ဆိုပြီး ဆောင်ရွက်တာဖြစ်ပါတယ်" ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခွန်အေးနိုင်က ပြောသည်။



တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်သင်ကြားပေးစဉ်။

**ရန်ပုံငွေကျပ်သိန်း ၆၀၀ ဖြင့် ဆောင်ရွက်**

ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိသည့် အခြေခံလူတန်းစားများအတွက် CERP အစီအစဉ်အောက်မှ နိုင်ငံတော်၏ထောက်ပံ့ရန်ပုံငွေ ကျပ်သိန်း ၆၀၀ ဖြင့် ဆောင်ရွက်ပေးမည့် On Job Training အစီအစဉ်သစ်ကို အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနမှ အဓိကတာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနအနေဖြင့် ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရန်၊ မိသားစုဝင်ငွေတိုးပွားစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်စေရန်၊ ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်စေရန်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပြည်သူလူထုအတွင်း နည်းပညာများ ပျံ့နှံ့စေပြီး သွင်းကုန်အစားထိုးလုပ်ငန်းများ စီးပွားဖြစ်ထုတ်လုပ်လာနိုင်စေ ရန်၊ ဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရဓာတ်ပြည့်ဝသော တန်ဖိုးမြင့်စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်လာနိုင်စေရန် ရည်ရွယ်ချက်ဖြင့် လက်တွေ့လုပ်ငန်းခွင် သင်တန်းများကို ဖွင့်လှစ်လျက်ရှိသည်။

"ကိုဗစ်-၁၉ ကြောင့် စီးပွားရေးအရ ထိခိုက်သွားတဲ့သူတွေ၊ အလုပ်လက်မဲ့ဖြစ်သွားကြတဲ့သူတွေ၊ ရပ်ဝေးကနေ ကိုယ့်ဒေသကိုပြန်လာကြတဲ့သူတွေ လတ်တလော စားဝတ်နေရေးအတွက် ငွေကြေးတစ်စုံတစ်ရာ လိုအပ်တယ်။ အဲဒီသူတွေအတွက် ကျေးရွာတွေမှာ အလုပ်အကိုင်အခွင့်အလမ်းတစ်ခုခုကို ဖော်ထုတ်ပြီး သူတို့ကိုယ်တိုင် ဒီလုပ်ငန်းမှာ ပါဝင်စေခြင်းအားဖြင့် အထိုက်အလျောက် ဝင်ငွေတွေရမယ်။ အဲဒီလိုပုံစံမျိုးနဲ့ သူတို့ကို ငွေကြေး လုပ်ခရနိုင်မယ့် ပုံစံမျိုးနဲ့နိုင်ငံတော်ဘက်က ဖန်တီးပေးတာဖြစ်တယ်။ အဲဒါကို Cash for Work ဆိုပြီး CERP အောက်မှာ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ကနဦးစီးပွားရေးလုပ်ငန်းစတင်ချင်တဲ့သူတွေရဲ့ အဓိက အခက်အခဲသုံးခုဖြစ်တဲ့ အရင်းအနှီး၊ အတတ်ပညာ၊ ဈေးကွက်လိုအပ်ချက်တွေကို ပြေလည်စေဖို့ လမ်းညွှန်ပြသပေးပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

**သင်တန်းသားဦးရေ ၉၀၀၀ ကို လေ့ကျင့်**

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အနေဖြင့် CERP အစီအစဉ်အောက်တွင် သင်တန်းအကြိမ်ပေါင်း ၃၀၀၊ သင်တန်းသားဦးရေ ၉၀၀၀ ကို လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ပြီး ဩဂုတ်လကုန်အထိ သင်တန်း ၂၂၆ ကြိမ်၊ သင်တန်းသား ၆၈၄၀ ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့သည်။

သင်တန်းများအနေဖြင့် စားသောက်ကုန်၊ လူသုံးကုန်၊ ရက်ကန်းအထည်၊ ဝါးနှင့်ယွန်း လက်မှုထည်နှင့် အိမ်တွင်းလျှပ်စစ်တပ်ဆင်ခြင်း စသည့်လက်တွေ့လုပ်ငန်းခွင်သင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိသည်။

**တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်**

သင်တန်းများကို အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးဌာနမှူးရုံးများနှင့် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းများတွင် ဖွင့်လှစ်ပေးလျက်ရှိပြီး သင်တန်းအမျိုးအစားများကို သင်တန်းဖွင့်လှစ်မည့်ဒေသ၏ ဒေသထွက်ကုန်ကုန်ကြမ်းအပေါ်မူတည်၍ တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်စေရန် သင်ကြားပို့ချပေးလျက်ရှိသည်။

သင်တန်းကာလမှာ အမျိုးအစားအပေါ်မူတည်၍ ၆ ရက်မှ ၂၄ ရက်အထိ ကြာမြင့်တတ်ကြောင်း သိရသည်။

"သင်တန်းတွေဖွင့်တဲ့အခါ သင်တန်းဧရိယာ သတ်မှတ်ထားတဲ့မြို့နယ်၊ ကျေးရွာအသီးသီးမှာလိုက်ပြီး ဖွင့်လှစ်ပေးတယ်။

*စာမျက်နှာ ၉ သို့*



မုန့်လုပ်နည်းပညာများ သင်ကြားပေးစဉ်။



ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(စစ်တွေ)တွင် ဖွင့်လှစ်သည့် လက်ရက်ကန်းနှင့် စက်ရက်ကန်း သင်တန်းတက်ရောက်သူများကို တွေ့ရစဉ်။

## “ ဆင်းရဲနွမ်းပါးမှု လျော့ချနိုင်ရန်၊ မိသားစုဝင်ငွေတိုးပွားစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်စေရန်၊ ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်စေရန်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုး တိုးတက်လာစေရန်၊ ပြည်သူလူထုအတွင်း နည်းပညာများပျံ့နှံ့စေပြီး သွင်းကုန်အစားထိုးလုပ်ငန်းများ စီးပွားဖြစ်ထုတ်လုပ်လာနိုင်စေရန်၊ ဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရဓာတ်ပြည့်ဝသော တန်ဖိုးမြင့် စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်လာနိုင်စေရန် ရည်ရွယ်ချက်ဖြင့် လက်တွေ့လုပ်ငန်းခွင်သင်တန်းများကို ဖွင့်လှစ်လျက်ရှိ”


လက်မှုပညာသင်တန်းသားများ ထုတ်လုပ်သည့် ယွန်းထည်ပစ္စည်းများ။

*စာမျက်နှာ ၈ မှ*

လိုအပ်တဲ့ ပစ္စည်းကိရိယာတွေ၊ ကုန်ကြမ်းပစ္စည်းတွေကို ဌာနရန်ပုံငွေနဲ့ ဝယ်ယူပေးပြီးတော့ တစ်ခါတည်း လက်တွေ့သင်ကြားပေးပါတယ်။ စံနမူနာပြအနေနဲ့ လုပ်ငန်းအသေးစားတစ်ခုကို ဖန်တီးပေးပြီး သင်တန်းသားတွေရဲ့ ပါဝင်ဆောင်ရွက်မှုနဲ့ ထွက်လာတဲ့ထုတ်ကုန်ပစ္စည်းကို သူတို့ကိုယ်တိုင် ဈေးကွက်ထဲ ပေးပို့ရောင်းချနိုင်ဖို့ စီစဉ်ပေးပါတယ်။ အခုလို ကုန်ထုတ်လုပ်ငန်းတစ်ခုမှာ ပါဝင်ဆောင်ရွက်တာဖြစ်လို့ နေ့စဉ်လုပ်အားခအနေနဲ့ ငွေကျပ် ၄၀၀၀ ထုတ်ပေးပါတယ်။ အတတ်ပညာတစ်ခုရသလို ထုတ်လုပ်လိုက်တဲ့ကုန်ပစ္စည်းက ဈေးကွက်မှာ ရောင်းလို့ရပါလားဆိုတာ သိသွားတယ်” ဟု ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

**လက်မှုပညာများကို သင်ကြားပေးလျက်ရှိ**

အသေးစားစက်မှု လက်မှု လုပ်ငန်းဦးစီးဌာနအနေဖြင့် ထိုကဲ့သို့လက်တွေ့ အသက်မွေးဝမ်းကျောင်းသင်တန်းများအပြင် မြန်မာ့ရိုးရာ ပန်းဆယ်မျိုးကို အခြေခံသည့် လက်မှုပညာများကို သင်ကြားပေးလျက်ရှိသော ပုဂံရှိ ယွန်းပညာကောလိပ်နှင့် ရက်ကန်းပညာဖြန့်ဝေပေးလျက်ရှိသည့် အမရပူရရှိ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံကျောင်းကို ဒီပလိုမာအဆင့်အထိ သင်ယူနိုင်အောင် ဖွင့်လှစ်ပေးထားသည်။

**ပေါင်းစပ်ပြီးသင်ကြားပေးနိုင်**

ထို့အပြင် ရက်ကန်းတစ်မျိုးတည်းမဟုတ်ဘဲ ရက်ကန်းနှင့်အခြား သက်မွေးပညာရပ်များပါ ပေါင်းစပ်ပြီး သင်ကြားပေးနိုင်မည့် ရည်ရွယ်ချက်ဖြင့် ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်းပေါင်း ၁၃ ကျောင်းကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် တည်ထောင်ဖွင့်လှစ်ခဲ့သည်။

“ကျွန်တော်တို့နိုင်ငံမှာ ဒေသအလိုက် ရရှိနိုင်တဲ့ ကုန်ကြမ်းတွေကို အခြေခံပြီး အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းတွေက ကုန်ပစ္စည်းမျိုးစုံ ထုတ်လုပ်နိုင်စွမ်းရှိပါတယ်။ သူတို့ရဲ့ထုတ်ကုန်တွေကို နိုင်ငံတကာအဆင့်မီအောင် တန်ဖိုးမြှင့်ထုတ်ကုန်ဖြစ်အောင် လုပ်ဖို့တော့ လိုတယ်။ ထုတ်ကုန်တွေ စီးဆင်းဖြန့်ဖြူးဖို့ရာ ဈေးကွက်တွေလည်းလိုအပ်ပါတယ်။ ဒီဈေးကွက်ကို မောင်းနှင်နိုင်ဖို့ စီးပွားရေးလုပ်ငန်းရှင်တွေက ပူးပေါင်းပါဝင်လာဖို့လည်း လိုအပ်ပါတယ်။ အိမ်တွင်းစက်မှု လက်မှုလုပ်ငန်းက ထုတ်လုပ်တဲ့ပစ္စည်းတွေကို စုစည်းပြီး ထုပ်ပိုးမှုကအစ နိုင်ငံတကာက စိတ်ဝင်စားအောင်၊ ထုတ်ကုန်တွေကို နိုင်ငံတကာဈေးကွက်ထဲရောက်အောင် လုပ်သွားရမှာပါ။ နိုင်ငံတကာဈေးကွက်ထဲရောက်အောင် ပို့ကုန်မြှင့်တင်ရေးမဟာဗျူဟာ (National Export Strategies –NES) နဲ့အညီ ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါတယ်” ဟု ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

**အရည်အသွေးကောင်းမွန်ရမည်**

အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းရှင်များအနေဖြင့် ထုတ်ကုန်များကို ပြည်တွင်းသာမက နိုင်ငံတကာ ဈေးကွက်သို့ ဝင်ရောက်နိုင်ရန် အရည်အသွေးကောင်းမွန်ရမည်ဖြစ်ပြီး ဈေးကွက်၏ လိုအပ်ချက်၊ ဝယ်လိုအားတို့ကို အချိန်နှင့်တစ်ပြေးညီ သိရှိရမည်ဖြစ်သည်။

“ဥရောပဆိုရင် ဘယ်လိုပစ္စည်းမျိုးကို နှစ်သက်တယ်၊ ဘယ်လိုအဆင်အသွေးဒီဇိုင်းမျိုး ကြိုက်တယ်စတဲ့ ဒီအချက်အလက်တွေကို ထုတ်လုပ်တဲ့ လုပ်ငန်းရှင်တွေ သိဖို့လိုပါတယ်။ ဒီလိုမျိုး ချိတ်ဆက်မှု အားကောင်းရင် ကျွန်တော်တို့နိုင်ငံမှာ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းတွေက စီးပွားရေးအများကြီး ဖွံ့ဖြိုးတိုးတက်နိုင်တဲ့ အခွင့်အလမ်းတွေ ရှိပါတယ်” ဟု ညွှန်ကြားရေးမှူးချုပ်က သုံးသပ်သည်။

**အများကြီး အထောက်အကူပြု**

သင်တန်းမှ ရရှိလာသည့် အတတ်ပညာများကို အခြေခံ၍ ကိုယ်ပိုင်လုပ်ငန်းတစ်ခု စတင်တော့မည့် မမေဇင်ဇော်က “ကိုဗစ်ကာလအတွင်း အလုပ်အကိုင်ရှားပါးနေတဲ့အချိန်မှာ ဒီလိုလက်တွေ့လုပ်ငန်းခွင်သင်တန်းတွေက အခြေခံလူတန်းစားပြည်သူတွေအတွက် အများကြီး အထောက်အကူပြုပါတယ်။ သင်တန်းက ရရှိလာတဲ့ အတတ်ပညာနဲ့ ကိုယ်တိုင်အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးခွင့်ရရှိလာမယ်။ အိုးမကွာအိမ်မကွာနဲ့ မိသားစုတစ်နိုင်တစ်ပိုင် စီးပွားရေး လုပ်ချင်တဲ့သူတွေအတွက် အင်မတန်အကျိုးရှိတဲ့ သင်တန်းတွေပါ” ဟု မှတ်ချက်ပြုသည်။ ။

## ပုသိမ်အမှတ်(၂) တံတားသစ်ကြီး ရာနှုန်းပြည့်ပြီးစီး၍ စက်တင်ဘာလအတွင်း ဖွင့်လှစ်မည်

**ပုသိမ် ဩဂုတ် ၂၂**

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(၄) တံတားအထူးအဖွဲ့(၁၆) က တာဝန်ယူတည်ဆောက်ခဲ့သည့် ပုသိမ်အမှတ်(၂)တံတားသစ်ကြီး တည်ဆောက်မှုလုပ်ငန်းများ ဇူလိုင်လကုန်ပိုင်းက ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်သောကြောင့် အများပြည်သူအသုံးပြုနိုင်ရန် စက်တင်ဘာလအတွင်း ဖွင့်လှစ်ပေးတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားကို နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ကိုယ်တိုင် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၇ ရက်က ပန္နက်တင်ပေးခဲ့ပြီး နိုဝင်ဘာ ၅ ရက်မှစ၍ တံတားအထူးအဖွဲ့(၁၆)က တာဝန်ယူတည်ဆောက်ခဲ့ကာ ယခုနှစ် ဇူလိုင် ၃၁ ရက်က ပြီးစီးခဲ့ခြင်းဖြစ်သည်။ ပုသိမ်တံတားအမှတ်(၂)သည် ပုသိမ်မြို့ မဟာဗန္ဓုလလမ်းနှင့် ငဝန်မြစ်အနောက်ဘက်ကမ်းရှိ လူနေရပ်ကွက်များသို့ တိုက်ရိုက်ဆက်သွယ်သော တံတားတစ်စင်းဖြစ်ပြီး လက်ရှိပုသိမ်ကြိုးတံတား၏ ခံနိုင်ဝန် လျော့နည်းလာခြင်းကြောင့်လည်းကောင်း၊ ပုသိမ်မြို့၏ ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာသည်နှင့် အမျှ ငဝန်မြစ်၏ အနောက်ဘက်ခြမ်းတွင် မြို့ပြအိမ်ရာများ တိုးချဲ့လာခြင်းကြောင့်လည်းကောင်း၊ ချောင်းသာ၊ ငွေဆောင်ကမ်းခြေများ အပါအဝင် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ကမ်းခြေပတ်လမ်းများကို ချိတ်ဆက်သွားလာနိုင်ရန် ရည်ရွယ်၍လည်းကောင်း ပုသိမ်တံတားအမှတ်(၂)ကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။


ရာနှုန်းပြည့် တည်ဆောက်ပြီးနေသည့် ပုသိမ် အမှတ်(၂) တံတားသစ်ကြီး

တံတားအရှည်မှာ စုစုပေါင်း ၇၂၅ ဒသမ ၅ မီတာ(၂၃၈၀ ပေ) ရှိပြီး ပင်မတံတားအရှည် ၃၃၀ မီတာ(၁၀၈၂ ပေ ၆ လက်မ)၊ ပုသိမ်ဘက်ကမ်းချဉ်းကပ်တံတားအရှည် ၁၇၄ ဒသမ ၅ မီတာ(၅၇၂ ပေ ၆ လက်မ)နှင့် စိန်ကုန်းဘက် ချဉ်းကပ်တံတားအရှည် ၂၂၁ မီတာ(၇၂၅ ပေ)ဖြစ်သည်။

ယာဉ်သွားလမ်းအကျယ် ၈ ဒသမ ၅ မီတာ(၂၈ ပေ)ရှိပြီး တစ်ဖက်လျှင် ၁ ဒသမ ၅ မီတာ (၅ ပေ) ကျယ်သည့် လူသွားလမ်း ပါဝင်သည်။ တံတားအမျိုးအစားမှာ အောက်ခံအုတ်မြစ် 1.8m/1.2m ဘိုးပိုင်၊ တံတားကိုယ်ထည် အာရ်စီကွန်ကရစ်ဖြစ်ပြီး တံတားအပေါ်ထည်မှာ သံမဏိ သံပေါင် ခုံးတံတားဖြစ်သည်။

ရေလမ်းကင်းလွတ်အမြင့် ၁၈ ဒသမ ၃ မီတာ (ပေ ၆၀)နှင့် ရေလမ်းကင်းလွတ်အကျယ် ၁၂၇ မီတာ (၄၁၆ ပေ)ရှိပြီး တံတားခံနိုင်ဝန်မှာ HS25 Load Class ဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

## မတူပီ-ဆမီး-ပလက်ဝ လမ်းမကြီးအား ရာသီမရွေးသွားလာနိုင်ရန် ပြည်ထောင်စုအစိုးရအထူးရန်ပုံငွေဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်

**မင်းတပ် ဩဂုတ် ၂၂**

ချင်းပြည်နယ်တောင်ပိုင်းရှိ မတူပီ–ဆမီး–ပလက်ဝလမ်းမကြီးကို ရာသီမရွေး လွယ်ကူချောမွေ့စွာ သွားလာနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအထူးရန်ပုံငွေကျပ် ၄၄၂၄ ဒသမ ၃၇၆ သန်းဖြင့် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လမ်းမကြီးကို မတူပီမြို့လမ်းဦးစီးဌာနက ၃၅ မိုင် ၃ ဖာလုံအထိ တာဝန်ယူဆောင်ရွက်ပြီး ၃၅ မိုင် ၃ ဖာလုံမှ ၆၅ မိုင် ၃ ဖာလုံအထိကို လမ်းအထူးအဖွဲ့ (၁၂) က လည်းကောင်း၊ ၆၅ မိုင် ၃ ဖာလုံမှ ပလက်ဝမြို့အထိ ၁၃၅ မိုင်ကို ပလက်ဝမြို့နယ် လမ်းဦးစီးဌာနကလည်းကောင်း တာဝန်ယူအဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

မတူပီ– ဆမီး– ပလက်ဝ လမ်းမကြီး အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း ပြီးစီးပါက ဆမီးမြို့နှင့် ပလက်ဝမြို့နယ်ရှိ ပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်လာရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**ဆလိုင်းအောင်(ပြန်/ဆက်)**



## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ (ပြင်ဆင်သည့်ဥပဒေ ၂၀၁၈)နှစ်နှစ်တာကာလ အကောင်အထည်ဖော်မှုဆိုင်ရာ သုံးသပ်ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၂** – စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ(ပြင်ဆင်သည့်ဥပဒေ ၂၀၁၈) နှစ်နှစ်တာကာလအတွင်း အကောင်အထည်ဖော်မှုဆိုင်ရာ သုံးသပ်ဆွေးနွေးသည့် အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ်လတတိယပတ်က နေပြည်တော် ဟိုတယ်ဇုန် Hotel Max ၌ ပြုလုပ်သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦး၊ ဗဟိုမြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီဝင် ဦးစောလှိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြေယာမဏ္ဍိုင်အဖွဲ့မှ အမှုဆောင် ဒါရိုက်တာ ဦးရွှေသိန်းနှင့်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ ပါဝင်ဆွေးနွေးကြသည်။

အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲကို အဖွဲ့ငါးဖွဲ့ဖွဲ့၍ ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့် ပြင်ဆင်သည့်ဥပဒေများအရ မြေပြင်တွင် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ကြုံတွေ့လျက်ရှိသော အခက်အခဲများ၊ စိန်ခေါ်မှုများ၊ ပြဿနာများ၊ ဥပဒေ၊ နည်းဥပဒေ၏ အားနည်းချက်များနှင့် ပတ်သက်၍ လည်းကောင်း၊ ထပ်မံဖြည့်စွက်ပြဋ္ဌာန်းသင့်သည့် အကြောင်းအရာများနှင့်ပတ်သက်၍ လည်းကောင်း၊ ဥပဒေကို ကိုင်တွယ်ကျင့်သုံးရသည့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေဖြင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းဆိုင်ရာ စိန်ခေါ်မှုများနှင့်ပတ်သက်၍ ဖြည့်ဆည်းပေးသင့်သည့် လိုအပ်ချက်များအားလည်းကောင်း ဆွေးနွေးကြကြောင်း သိရသည်။

**သိဒ်**

# “ပြည်သူ့ပခုံး၊ ပြည်သူ့မျက်လုံး”အဖြစ် ခံယူဆောင်ရွက်မယ်ဆိုရင် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်နဲ့ အောင်မြင်အောင် ဆောင်ရွက်သွားနိုင်ရမှာဖြစ်

ဒေါက်တာစံရွှေဝင်း(ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)

**နိုင်ငံသားများ၏ သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းရန်၊ သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များ အပြည့်အဝရရှိစေရန်အတွက် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့နှင့် စတုတ္ထမဏ္ဍိုင် သတင်းမီဒီယာများအကြား တွေ့ဆုံဆွေးနွေးအဖြေရှာရန် စတုတ္ထအကြိမ် မဏ္ဍိုင်(၄)ရပ် အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၂၁ ရက်က နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပခဲ့သည်။**

အဆိုပါ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည့် မဏ္ဍိုင်(၄)ရပ်မှ တာဝန်ရှိသူများ၊ ကိုယ်စားလှယ်များနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ပါသည်-



ဒေါက်တာစံရွှေဝင်း



ဦးကျော်စွာမင်း



ဦးလှထွန်း



ဦးညိုထွန်း

**ဒေါက်တာစံရွှေဝင်း**
**(ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**

တတိယအကြိမ်ဆွေးနွေးပွဲမှာ ဆွေးနွေးခဲ့တဲ့ ကိစ္စရပ်တချို့က ဒီနေ့ဆွေးနွေးမယ့် အချက်တွေထဲမှာ ဆက်လက်ပါဝင်နေတာ တွေ့ရှိရပါတယ်။ ဒါကြောင့် အကောင်အထည်ဆောင်ရွက်မှုအပိုင်းမှာ အားဖြည့်ဆောင်ရွက်ဖို့ လိုအပ်ချက်တွေ ရှိနေသေးတယ်လို့ မြင်ပါတယ်။ “ပြည်သူ့ပခုံး၊ ပြည်သူ့မျက်လုံး”အဖြစ် ခံယူဆောင်ရွက်မယ်ဆိုရင် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်နဲ့ အောင်မြင်အောင် ဆောင်ရွက်သွားနိုင်ရမှာ ဖြစ်တယ်လို့ အကြံပြုလိုပါတယ်။ ဒီနေ့အစည်းအဝေး ကျင်းပရာမှာ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်တွေနဲ့အညီ ဆောင်ရွက်ထားတာကို တွေ့ရတဲ့အတွက်လည်း ချီးကျူးဂုဏ်ပြုပါတယ်။



ဗိုလ်မှူးချုပ် ရဲရင့်အောင်



ဦးစိုင်းတင်အောင်သိန်း



ဦးဆွေတင့်ကြူး

**ဦးကျော်စွာမင်း**
**(အတွင်းရေးမှူး၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ)**

မဏ္ဍိုင် (၄) ရပ် တွေ့ဆုံဆွေးနွေးပွဲတွေ ကျင်းပတာ အခုဆိုရင် စတုတ္ထအကြိမ်ရှိပါပြီ။ ကျွန်တော်တို့ မီဒီယာကောင်စီအနေနဲ့လည်း မဏ္ဍိုင်(၄)ရပ် တွေ့ဆုံမှုတွေကို ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ခြင်းအားဖြင့် ဒေသမှာရှိတဲ့ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်တွေနဲ့ သတင်းမီဒီယာသမားတွေ တိုက်ရိုက်ထိတွေ့ခွင့်ရပြီး အခက်အခဲတွေကို ချက်ချင်းအဖြေရှာနိုင်ပါတယ်။ အင်မတန်အောင်မြင်မှုရှိပါတယ်။ ကျွန်တော်တို့ မဏ္ဍိုင်(၄)ရပ် တွေ့ဆုံတယ်၊ သတင်းစာရှင်းလင်းပွဲတွေလည်းလုပ်တဲ့အတွက် မဏ္ဍိုင်(၃) ရပ်က တာဝန်ရှိသူတွေနဲ့ သတင်းသမားတွေ ပိုပြီး ထိတွေ့မှုတွေ ရလာတယ်။ ဒါတွေဟာ အင်မတန်ကောင်းတဲ့ ရလဒ်ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ တတိယအကြိမ် မဏ္ဍိုင် (၄) ရပ် တွေ့ဆုံဆွေးနွေးပွဲမှာ သတင်းမီဒီယာ တိုးတက်ဖွံ့ဖြိုးရေးကို ဆောင်ရွက်ရမယ်ဆိုတဲ့ အချက်ပါတာကြောင့် သတင်းမီဒီယာ တိုးတက်ဖွံ့ဖြိုးရေး စီမံချက်ကို ကျွန်တော်တို့ ရေးဆွဲပြီးပါပြီ။ သတင်းမီဒီယာဥပဒေအရ သတင်းသမားကျင့်ဝတ်နဲ့ မကိုက်ညီတဲ့ အဖွဲ့အစည်းတွေ၊ သတင်း website အတုတွေ၊ သတင်း Page အတုတွေအဖြစ် ကြေညာခဲ့တာတွေ ရှိပါတယ်။

သတင်းမီဒီယာကောင်စီရဲ့ ပင်မအလုပ်က တိုင်ကြားမှုတွေ၊ အငြင်းပွားမှုတွေကို ဖြေရှင်းပေးရတဲ့ တာဝန်ဖြစ်ပါတယ်။ သတင်းမီဒီယာကောင်စီရဲ့ ဒုတိယသက်တမ်းကာလအတွင်းမှာ တိုင်ကြားတဲ့အမှုပေါင်း ၁၉၀ ကျော် ရှိခဲ့ပါတယ်။ ပထမနှစ် သက်တမ်းကာလနဲ့ နှိုင်းယှဉ်ရင် အခုသက်တမ်းမှာ တိုင်ကြားတဲ့ အမှုတွေ ပိုများလာတယ်။ သတင်းမီဒီယာကောင်စီကို တိုင်ကြားတဲ့အတွက် သတင်းမီဒီယာဥပဒေနဲ့အညီ ဆောင်ရွက်ပါတယ်။ သတင်းသမားတွေ တရားစွဲခံရတာနဲ့ ပတ်သက်ပြီး တာဝန်ရှိသူတွေထံ စာတင်တယ်။ ဥပဒေနဲ့အညီ ဆက်လက်ဖြေရှင်းပေးတာမျိုးတွေ ကျွန်တော်တို့ ကောင်စီအနေနဲ့ ဆောင်ရွက်နေပါတယ်။

**ဦးလှထွန်း**
**(ဒုတိယအမြဲတမ်းအတွင်းဝန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**

မဏ္ဍိုင်တစ်ခုချင်းစီရဲ့ လုပ်ငန်းသဘောသဘာဝနဲ့ မီဒီယာလုပ်ငန်းသဘော သဘာဝတွေကို အချင်းချင်း အပြန်အလှန် အသိအမှတ်ပြုလက်ခံပြီး ပူးပေါင်းညှိနှိုင်းကြတာဖြစ်တဲ့အတွက် ကောင်းမွန်သော အုပ်ချုပ်မှု (Good Governance) ပေါ်ထွန်းလာဖို့အတွက် အထောက်အပံ့ကောင်းတွေ ရရှိလာနိုင်တဲ့ အလုပ်ရုံဆွေးနွေးပွဲ ဖြစ်ပါတယ်။ အခုလိုဆွေးနွေးပွဲတွေကို တစ်နှစ်နှစ်ကြိမ် ကျင်းပပေးဖို့ အကြံပြုချင်ပါတယ်။ မဏ္ဍိုင်(၄)ရပ်က ပါဝင်သူတွေအချင်းချင်း ထိတွေ့မှု၊ ရင်းနှီးမှုတွေ ပိုမိုရရှိလာပြီး ပွင့်လင်းမြင်သာမှု ပိုရှိလာမှာပါ။ ပြည်သူလူထုကလည်း သတင်းမီဒီယာကိစ္စတွေနဲ့ပတ်သက်ပြီး သတင်းမှန်ကို အမြန်သိရှိလာနိုင်မှာဖြစ်ပါတယ်။ ဒါမှသာ ဒီမိုကရေစီနိုင်ငံတိုင်းမှာ ရှိသင့်တဲ့ မဏ္ဍိုင် (၄)ရပ် အပြန်အလှန်ထိန်းကျောင်းမှု အခွင့်အလမ်းတွေ ပေါ်ထွန်းလာမယ်လို့ ယူဆပါတယ်။



ဒေါ်မေရီငြိမ်းချမ်း



ဦးဇေယျာမြတ်ခိုင်



ဒေါ်နန်းဖော့ဝေ

**ဦးညိုထွန်း**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ E-Government ဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး)**

ဒီဆွေးနွေးပွဲက မဏ္ဍိုင်(၃)ရပ်နဲ့ သတင်းမီဒီယာမဏ္ဍိုင်တို့အကြား တွေ့ဆုံဆွေးနွေးပွဲဖြစ်တဲ့အတွက် သတင်းရယူခြင်းကိစ္စရပ်တွေမှာ တွေ့ကြုံနေရတဲ့ စိန်ခေါ်မှုနဲ့ အခက်အခဲတွေကို သိရှိရပြီး ပူးပေါင်းညှိနှိုင်းဖြေရှင်းနိုင်လို့ များစွာအကျိုးရှိတဲ့ ဆွေးနွေးပွဲဖြစ်ပါတယ်။ ဒါကြောင့် ဒီဆွေးနွေးပွဲတွေဟာ မဏ္ဍိုင်(၄)ရပ်က တာဝန်ရှိသူတွေအားလုံးနဲ့ ထိတွေ့ခွင့်ရတဲ့အတွက် နှစ်စဉ်မပျက်မကွက် ကျင်းပသင့်တယ်လို့ အကြံပြုလိုပါတယ်။

**ဗိုလ်မှူးချုပ် ရဲရင့်အောင်**
**ဒုတိယညွှန်ကြားရေးမှူး(ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး)**
**ကာကွယ်ရေးဝန်ကြီးဌာန**

ဒီအစည်းအဝေးရဲ့ ရည်ရွယ်ချက်ဖြစ်တဲ့ နိုင်ငံသားအားလုံးရဲ့ သတင်းသိပိုင်ခွင့်ကို အပြည့်အဝဖြည့်ဆည်းဖို့ဆိုရင် မဏ္ဍိုင်(၄)ရပ်၊ တစ်နည်းအားဖြင့် ခက်မ(၄)ရပ်က လုပ်ငန်းတာဝန်နဲ့စည်းမျဉ်းတွေကို သိနေဖို့လိုပါမယ်။ ဒါကို နားလည်မှုလို့ ခေါ်ရပါမယ်။ ဒီလို နားလည်မှုရဖို့ အကောင်းဆုံးနည်းလမ်းကတော့ မဏ္ဍိုင်(၄)ရပ် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပဆွေးနွေးခြင်းပဲ ဖြစ်ပါလိမ့်မယ်။ မဏ္ဍိုင်(၄)ရပ် ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် များများ ထိတွေ့နေဖို့ လိုပါမယ်။ နယ်ပယ်တိုင်းမှာ ကန့်သတ်ချက်ဆိုတာ ရှိပါတယ်။ ဒီကန့်သတ်ချက်တွေကို ကျော်လွှားဖို့အတွက် များများ ဆွေးနွေးဖို့ လိုပါတယ်။ နောက်တစ်ခုက သတင်းအချက်အလက် ရယူခွင့်ဥပဒေကို Zero Draft အဆင့်ကနေ အမြန်ပြီးပြတ်အောင် ပြဋ္ဌာန်းနိုင်ဖို့ အရေးကြီးပါတယ်။ ဒါမှလည်း တိတိကျကျပိုင်းခြားနိုင်မယ့် တာဝန်နဲ့အတူ သတင်းစီးဆင်းမှုကလည်း မှန်ကန်မြန်ဆန်လာမှာဖြစ်ပြီးတော့ အငြင်းပွားစရာကိစ္စတွေလည်း လျော့နည်းသွားမှာ ဖြစ်ပါတယ်။

**ဦးစိုင်းတင်အောင်သိန်း**
**(လက်ထောက်အတွင်းဝန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန)**

သတင်းမီဒီယာသမားတွေအနေနဲ့ အစိုးရဌာနတွေရဲ့ သတင်းအချက်အလက်တွေကို သက်ဆိုင်ရာပုဂ္ဂိုလ်၊ ဌာနနဲ့ အဖွဲ့အစည်းတစ်ခုခုကနေ ရယူပြီးနောက် သတင်းရေးသားတည်ဆောက်ရာမှာလည်း ဆိုလိုရင်းအဓိပ္ပာယ် လွဲမှားမှုမရှိစေဖို့ ဆောင်ရွက်သင့်ပါတယ်။ အကယ်၍ အများပြည်သူအတွက် နားလည်မှုလွဲမှားစေနိုင်တဲ့ သတင်းတွေ ထုတ်ပြန်မိရင်လည်း သတင်းမီဒီယာကောင်စီအနေနဲ့ တာဝန်ယူဖြေရှင်း ဆောင်ရွက်ပေးသင့်ပါတယ်။

**ဦးဆွေတင့်ကြူး**
**(ညွှန်ကြားရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန)**

ဆွေးနွေးပွဲတွေ ကျင်းပရာမှာ တစ်ကြိမ်ထက်တစ်ကြိမ် မဏ္ဍိုင်(၄)ရပ်အကြား ပိုမိုပွင့်လင်းပြီး ရင်းနှီးမှု တိုးတက်လာတာကို တွေ့မြင်ရပါတယ်။ အခုဆွေးနွေးပွဲရဲ့ ရည်ရွယ်ချက်တွေဟာ အင်မတန်အရေးပါတဲ့ အချက်တွေ ဖြစ်တယ်ဆိုတာ ပြောလိုပါတယ်။ တိုးတက်မှုတွေကိုလည်း ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြဖို့ လိုအပ်ပါတယ်။ မဏ္ဍိုင် တစ်ခုနဲ့တစ်ခုအကြား၊ လူပုဂ္ဂိုလ်တစ်ဦးနဲ့ တစ်ဦးအကြား အပြန်အလှန် လေးစားမှု၊ ကျင့်ဝတ်စောင့်ထိန်းမှု၊ နားလည်မှုတွေနဲ့ ယုံကြည်မှုတွေ ပိုပြီးတည်တံ့အောင် ဆက်လက် ဆောင်ရွက်သွားနိုင်မယ်လို့ ယုံကြည်ပါတယ်။ တတိယအကြိမ်ဆွေးနွေးပွဲမှာ ဖော်ထုတ်ရရှိခဲ့တဲ့ အချက်တွေထဲက အချက်နံပါတ် ၄၊ ၆ နဲ့ ၁၀ မှာပါဝင်တဲ့အချက်တွေကို ဆက်လက်တိုးတက်အောင် ဆောင်ရွက်ခြင်းအားဖြင့် မဏ္ဍိုင်တွေအကြား ယုံကြည်မှုတွေ တိုးတက်လာမယ်လို့ ယုံကြည်ပါတယ်။

**ဒေါ်မေရီငြိမ်းချမ်း**
**(အလုပ်အမှုဆောင်အဖွဲ့ဝင်၊ မြန်မာအမျိုးသမီးသတင်းစာဆရာအဖွဲ့)**

မဏ္ဍိုင်(၄)ရပ် ဆွေးနွေးပွဲတွေ အခုထက်ပိုပြီး ကျင်းပလာနိုင်ဖို့ မျှော်လင့်ပါတယ်။ ဆွေးနွေးပွဲတွေကတစ်ဆင့် သတင်းမီဒီယာနဲ့ ပြည်သူလူထုရဲ့ သတင်းရပိုင်ခွင့်နဲ့ သိပိုင်ခွင့် ပိုမိုရရှိအောင် လုပ်ဆောင်ပေးနိုင်ပြီး မဏ္ဍိုင်(၄)ရပ်အကြား နားလည်မှုတွေ ရလာမယ်လို့ မျှော်လင့်ပါတယ်။ သတင်းသမားတွေ သတင်းရယူရာမှာ တွေ့ကြုံရတဲ့ အခက်အခဲတွေကို ဖြေရှင်းဆောင်ရွက်ပေးဖို့ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့တို့နဲ့ တွေ့ဆုံပွဲတွေ မကြာခဏလုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ ဒီလိုတွေ့ဆုံပွဲတွေကနေ မဏ္ဍိုင်(၄)ရပ်အကြား နားလည်မှုတွေ ရှိလာပြီး ပြည်သူလူထုရဲ့ သတင်းရပိုင်ခွင့်၊ သိပိုင်ခွင့်တွေ ပိုမိုရရှိလာနိုင်မယ်လို့ ယူဆပါတယ်။ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနဲ့ ဥပဒေပြုရေး မဏ္ဍိုင်တွေရဲ့ လုပ်ဆောင်မှုတွေကို မီဒီယာကတစ်ဆင့် ပြည်သူလူထုသိရှိအောင် ဖော်ပြလာနိုင်ပြီး မဏ္ဍိုင်(၃)ရပ်ရဲ့ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေကို ပိုမိုသိရှိကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အားလုံးပူးပေါင်းဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ပါတယ်။

*စာမျက်နှာ ၁၁ သို့*

## စစ်တွေမြို့၌ ညမထွက်ရ အမိန့်ထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၂၂**

ရခိုင်ပြည်နယ်အတွင်း ကိုဗစ် – ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ တွေ့ရှိမှုများ ပိုမိုများပြားလာ၍ ရခိုင်ပြည်နယ် စစ်တွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အမိန့်အမှတ် (၁/၂၀၂၀) ဖြင့် ညမထွက်ရအမိန့်ကို ဩဂုတ် ၂၁ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါ ထုတ်ပြန်ချက်တွင် စစ်တွေမြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် ကိုဗစ် – ၁၉ ရောဂါ ကူးစက်ခံရမှု မရှိစေရေးနှင့် အချိန်မီ ထိန်းသိမ်းနိုင်ရေးတို့အတွက် အရေးပေါ်ကိစ္စ ပေါ်ပေါက်လာပါက သက်ဆိုင်ရာ၏ ခွင့်ပြုချက်အရမှအပ နေ့စဉ် ည ၉ နာရီမှ နောက်တစ်နေ့ နံနက် ၄ နာရီအထိ ညမထွက်ရ အမိန့်ထုတ်ပြန်လိုက်ကြောင်း ဖော်ပြထားပြီး ယင်းအမိန့်သည် ဩဂုတ် ၂၁ ရက်မှ စတင်၍ နှစ်လအတည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ဦးက လက်မှတ်ရေးထိုးထားသည်။

အလားတူ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဩဂုတ် ၂၀ ရက်တွင် ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရေးအတွက် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ရခိုင်ပြည်နယ်၌ ဩဂုတ် ၂၂ ရက်အထိ ကိုဗစ် – ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း ၆၇ ဦး တွေ့ရှိရကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

**ဦးဇေယျာမြတ်ခိုင်**
**(အတွင်းရေးမှူး၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း–ဗဟို)**

အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်နဲ့ တရားစီရင်ရေးမဏ္ဍိုင်သာမက စတုတ္ထမဏ္ဍိုင်အဖြစ် သတင်းမီဒီယာမဏ္ဍိုင်ကို အလေးထား၊ အလေးပေးပြီး အခွင့်အရေးပေး၊ နေရာပေးလာတဲ့အပေါ်မှာ ကျေးဇူးတင်ပါတယ်။ မဏ္ဍိုင် (၄) ရပ် တွေ့ဆုံဆွေးနွေးပွဲကနေ ထွက်ပေါ်လာတဲ့ ရလဒ်တွေကို စာရွက်ပေါ်မှာ တင်မကဘဲ လက်တွေ့မှာလည်း အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်ပေးကြဖို့ လိုလားပါတယ်။ မဏ္ဍိုင်(၄)ရပ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခုလို တွေ့ဆုံဆွေးနွေးမှုကို (၃)လတစ်ကြိမ် တွေ့ဆုံပြီး ဆွေးနွေး အဖြေရှာပေးကြမယ်ဆိုရင် မဏ္ဍိုင် (၄) ရပ်ဟာ တစ်စိတ်တစ်ဝမ်းတည်း၊ တစ်သားတည်း ဖြစ်သွားမယ်လို့ မျှော်လင့်ပါတယ်။

**ဒေါ်နန်းဖော့ဂေ**
**(ဥက္ကဋ္ဌ၊ မူဝါဒရေးရာကော်မတီ)**
**နိုင်ငံတကာမြန်မာအသင်းအဖွဲ့–BNI**

ဒီဆွေးနွေးပွဲမှာ နိုင်ငံသားတွေ သတင်းသိရှိခွင့်၊ သတင်းထောက်တွေ သတင်းရယူခွင့်ကို ဆွေးနွေးပါတယ်။ အထူးသဖြင့် တစ်နိုင်ငံလုံးအတွက် ကောင်းမွန်တဲ့ အုပ်ချုပ်မှုရှိဖို့အတွက် ပူးပေါင်းလုပ်ဆောင်ဖို့လိုတယ်ဆိုတာကို အဓိက ဦးတည်ပြီး ဆွေးနွေးခဲ့တာ ဖြစ်ပါတယ်။ သတင်းမီဒီယာသမားတွေကို ပွင့်လင်းမြင်သာမှုရှိစွာ အချက်အလက်တွေ ဖလှယ်ဖို့၊ သတင်းပေးဖို့အတွက် စနစ်တစ်ခု လိုအပ်မယ်လို့ မြင်ပါတယ်။ ဒီနေ့ ဆွေးနွေးပွဲကနေ သတင်းအချက်အလက် စီးဆင်းမှုစနစ်ကောင်းတစ်ခုကို တည်ဆောက်သွားစေချင်ပါတယ်။

**တွေ့ဆုံမေးမြန်း–မျိုးဟိန်း၊ ကေတာ**
**ဓာတ်ပုံ–ကျော်ဇင်ထိုက်**

❍ *ကျောဖုံးမှ*

တာဝန်ယူ ကိုင်တွယ်ခဲ့သည်။ ပွဲစပြီး ငါးမိနစ်တွင် ဂိုးဧရိယာအတွင်း လူကာကူအား ဆီဗီလာနောက်တန်းကစားသမား ဒီယေဂိုကားလို့စ် ဆွဲလှဲခဲ့ရာမှ အင်တာအသင်း ပယ်နယ်တီ ကန်ခွင့်ရခဲ့ပြီး လူကာကူက အင်တာအတွက် ဦးဆောင်ဂိုးသွင်းယူပေးသည်။

ဆီဗီလာအတွက် ချေပဂိုးကို ပွဲချိန် ၁၂ မိနစ်တွင် တိုက်စစ်မှူး ဒီဂျောင်က ခေါင်းတိုက်သွင်းယူခဲ့ပြီး ဦးဆောင်ဂိုးကိုလည်း ပွဲချိန် ၃၃ မိနစ်တွင် ဒီဂျောင်က ခေါင်းတိုက်သွင်းယူပေးခဲ့သည်။ ပွဲချိန် ၃၆ မိနစ်တွင် အင်တာအတွက် ချေပဂိုးကို ဂိုဒင်က ခေါင်းတိုက်သွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းတွင် အင်တာအသင်း ကစားကွက်ပျက်ခဲ့ပြီး ဆီဗီလာ၏ တိုက်စစ်ဆင်မှုမှတစ်ဆင့် အနိုင်ဂိုးကို ပွဲချိန် ၇၄ မိနစ်တွင် ဒီယေဂိုကားလို့စ် နောက်ပြန်ကန်သွင်းသည့် ဘောလုံးကို လူကာကူတားဆီးခဲ့ရာမှ လမ်းကြောင်းပြောင်းပြီး ဂိုးဝင်ခဲ့၍ ဆီဗီလာတို့ တတိယမြောက် အနိုင်ဂိုးရရှိခဲ့သည်။

ယူရိုပါလိဂ် ဗိုလ်လုပွဲတွင် ဆီဗီလာတိုက်စစ်မှူး ဒီဂျောင်သည် ခေါင်းတိုက်ပြီး ဂိုးနှစ်ဂိုးရရှိခဲ့သည့် ပထမဦးဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ယနေ့ပွဲတွင်လည်း အကောင်းဆုံးခြေစွမ်းပြသည့် ကစားသမား ဖြစ်ခဲ့သည်။ ယူရိုပါလိဂ်ပြိုင်ပွဲကြီးတွင် စပိန်ကလပ်အသင်းများသည် ဗိုလ်လုပွဲကြီးကို ၁၇ ကြိမ် တက်ရောက်နိုင်ခဲ့ပြီး ၁၂ ကြိမ်အနိုင်ရရှိကာ ငါးကြိမ်ရှုံးနိမ့်ထားသည်။ အင်္ဂလန်ကလပ်အသင်းများနှင့် အီတလီကလပ်အသင်းများသည် ၁၆ ကြိမ် တက်ရောက်ခဲ့ရာမှ ကိုးကြိမ် အနိုင်ရရှိထားပြီး ခုနစ်ကြိမ် ရှုံးနိမ့်ထားသည်။ အဆင့်(၄) တွင် ရပ်တည်နေသည့်ကလပ်မှာ ဂျာမန်ကလပ်များဖြစ်ပြီး ၁၄ ကြိမ် တက်ရောက်၍ ခြောက်ကြိမ်အနိုင်ရရှိကာ ရှစ်ကြိမ် ရှုံးနိမ့်ထားသည်။ စပိန်အသင်း ဆီဗီလာမှာ ယူရိုပါလိဂ်ဖလားကို ၂၀၀၆၊ ၂၀၀၇၊ ၂၀၁၄၊ ၂၀၁၅၊ ၂၀၁၆ နှင့် ယခုနှစ်တို့တွင် ဖလားခြောက်ကြိမ် ရရှိထားသည့် အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေသည်။

**သီဟ**

## COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိမှု ပိုမိုများပြားလာသည့် ရခိုင်ပြည်နယ်အတွင်း ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် တပ်မတော်က ဆေးအထောက်အကူပစ္စည်းများ ပေးပို့လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၂**

COVID–19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ တွေ့ရှိမှု ပိုမိုများပြားလာသည့် ရခိုင်ပြည်နယ်အတွင်း ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် တပ်မတော်က ဆေးအထောက်အကူပစ္စည်းများ ပေးပို့လှူဒါန်းခဲ့ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ရခိုင်ပြည်နယ်အတွင်း Coronavirus Disease 2019 (COVID–19) ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ တွေ့ရှိမှုများ ပိုမိုများပြားလာပြီး ဩဂုတ် ၂၀ ရက်နံနက်ပိုင်းအထိ အတည်ပြုလူနာစုစုပေါင်း ၂၂ ဦး တွေ့ရှိရသဖြင့် ရောဂါကူးစက်ပြန့်နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရေးအတွက် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဩဂုတ် ၂၀ ရက်ညပိုင်းတွင် ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်း၊

ဩဂုတ် ၂၀ ရက် ညပိုင်းနှင့် ၂၁ ရက်နံနက်ပိုင်း ထုတ်ပြန်ချက်များအရ (COVID–19) ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ စစ်တွေမြို့နယ်တွင် ၁၂ ဦးနှင့် မြောက်ဦးမြို့နယ်တွင် ၁ ဦး၊ စုစုပေါင်း ၁၃ ဦး ထပ်မံတွေ့ရှိရသည်ဟု သိရှိရကြောင်း။

ရောဂါဖြစ်ပွားမှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် တပ်မတော်က လှူဒါန်းသော ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပြု ဆေးပစ္စည်းများကို ယမန်နေ့ ညနေပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် စစ်တွေမြို့သို့ ပို့ဆောင်ခဲ့ကြောင်း။

ထိုသို့ ပို့ဆောင်ရာတွင် Surgical Mask ခြောက်သိန်း၊ Personal Protective Equipment (PPE) ဝတ်စုံ ၂၅၀၀ ၊ N95 Mask ၂၅၀၀ ၊ Goggles ၂၅၀၀ ၊ Examination Glove ၄၀၀၀၊ Surgical Glove ၃၀၀၀ ၊ Face Shield ၂၀၀ ၊ Hand Gel ဘူး ၇၀၀၊ Hand Sanitizer ဘူး ၂၀၀ ၊ Non Contact Infrared Thermometer ၄၀ ၊ Bleaching Powder ၁၀ ပုံး၊ Sodium Hypochloride (15 L) ၁၀ ပုံး၊ ဆေးဖျန်းပုံး ငါးပုံး၊ OT Gown အစုံ ၂၀၀၀ ၊ OT Cap အစုံ ၂၀၀၀ ၊ Biosafety Cabinet Unit ၁ လုံးနှင့် Test Kit အချောင်း ၂၀၀ တို့ကို နေပြည်တော် လေဆိပ်မှတစ်ဆင့် တပ်မတော်လေယာဉ်ဖြင့် စစ်တွေမြို့သို့ ပို့ဆောင်ခဲ့ကြောင်း။

၎င်းပစ္စည်းများကို စစ်တွေတပ်နယ်မှ ဗိုလ်မှူးကြီး သက်နိုင်ဦးနှင့် တာဝန်ရှိသူများက စစ်တွေလေဆိပ်၌ လွှဲပြောင်းလက်ခံရယူပြီး စစ်တွေခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်၍ စစ်တွေမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအတွက် တပ်မတော်က ပေးပို့လှူဒါန်းသော Surgical Mask ငါးသိန်း၊ Personal Protective Equipment (PPE) ဝတ်စုံ ၁၀၀၀ ၊ N95 Mask ၁၀၀၀ ၊ Goggles ၁၀၀၀၊ Examination Glove ၁၀၀၀၊ Face Shield ၁၀၀၊ Hand Gel ဘူး ၂၀၀ ၊ Non Contact Infrared Thermometer ၂၀ တို့ကို ပေးအပ်လှူဒါန်းရာ စစ်တွေခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**

## သတ္တုတွင်းဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီးရုံးခွဲမှ ညွှန်ကြားရေးမှူး ဦးအောင်နိုင်၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ မုံရွာမှ ဒုတိယအထွေထွေမန်နေဂျာ ဦးလင်းထင်၊ ရဲအုပ်မျိုးမင်းညွှန့်(နုတ်ထွက်)၊ ဟုမ္မလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အကြီးတန်းစာရေး ဒေါ်ရှုရှုယဉ်နှင့် မြေတိုင်း-၄ ဦးစိုးမိုးအောင်တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ် အရေးယူ

**နေပြည်တော် ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာနမှ ဝန်ထမ်းများသည် လုပ်ပိုင်ခွင့်အာဏာကိုစွဲကိုင်၍ အဂတိလိုက်စားမှု ကျူးလွန်နေခြင်းအပေါ် ဖြစ်စဉ်အမှန်ကို ဖော်ထုတ်ပေးပါရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ သတ္တုတွင်းဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီးရုံးခွဲမှ ညွှန်ကြားရေးမှူး ဦးအောင်နိုင်သည် ရွှေမျှောလုပ်ကွက် ချထားပေးခြင်းနှင့် စပ်လျဉ်း၍ လုပ်ပိုင်ခွင့်ရှိသူဖြစ်ကြောင်း ပြောဆိုကာ ရွှေမျှောလုပ်ကွက်များ လျှောက်ထားသည့် ကုမ္ပဏီထံမှ ငွေကျပ် သိန်း ၄၀ကို လည်းကောင်း၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၊ မုံရွာမှ ဒုတိယအထွေထွေမန်နေဂျာ ဦးလင်းထင်သည် ရွှေမျှောလုပ်ကိုင်သည့် ကုမ္ပဏီထံမှ ငွေကျပ် ၂၀၃ သိန်းကို လည်းကောင်း၊ ရဲအုပ်မျိုးမင်းညွှန့်(နုတ်ထွက်)သည် မိုင်းကိုင်းရဲစခန်းမှူးအဖြစ် တာဝန်ထမ်းဆောင်စဉ်က ရွှေမျှောမောင်းသူ သုံးဦးထံမှ ငွေကျပ်သိန်း ၅၀ နှင့် မျှောလုပ်သား သေဆုံးခဲ့သည့်ကိစ္စနှင့် စပ်လျဉ်း၍ ငွေကျပ်သိန်း ၅၀ တို့ကို လည်းကောင်း လက်ခံရယူခဲ့ကြခြင်းဖြင့် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှု ကျူးလွန်ခဲ့ကြကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဟုမ္မလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အကြီးတန်းစာရေး ဒေါ်ရှုရှုယဉ်သည် အသေးစားရွှေမျှောလုပ်ကွက် လျှောက်ထားခြင်းနှင့် ပတ်သက်၍ မြို့နယ်စီမံခန့်ခွဲရေးကော်မတီမှ ထောက်ခံတင်ပြရန်အတွက် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၊ မြေတိုင်း–၄ ဦးစိုးမိုးအောင်ထံမှ ငွေကျပ် ၃၅၀၀၀၀ကို လက်ခံရယူခြင်းဖြင့် အဂတိလိုက်စားမှုကို ကျူးလွန်ခဲ့ကြောင်း၊ အမှုတွဲထိန်းတာဝန်ထမ်းဆောင်သူ မြေတိုင်း–၄ ဦးစိုးမိုးအောင်သည် မြို့နယ်စီမံခန့်ခွဲရေးကော်မတီမှ ထောက်ခံတင်ပြရန်အတွက် ဒေါ်ရှုရှုယဉ်ထံ ငွေကျပ် ၃၅၀၀၀၀ ပေးခဲ့ခြင်းဖြင့် ဒေါ်ရှုရှုယဉ်မှ အဂတိလိုက်စားမှု ကျူးလွန်ရန် အားပေးကူညီခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်များအရ ဦးအောင်နိုင်၊ ဦးလင်းထင်နှင့် ရဲအုပ်မျိုးမင်းညွှန့် (နုတ်ထွက်)တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆ အရလည်းကောင်း၊ ဒေါ်ရှုရှုယဉ်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၇ အရလည်းကောင်း၊ ဦးစိုးမိုးအောင်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၇/၆၃ အရလည်းကောင်း စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့မရဲစခန်းနှင့် မိုင်းကိုင်းရဲစခန်းတို့၌ ဩဂုတ် ၂၀ ရက်တွင် ပထမသတင်းပေးတိုင်ကြားချက် ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သိရသည်။ **သတင်းစဉ်**

## ပင်လယ်ကူး သင်္ဘောတစ်စင်းပေါ်တွင် လူသတ်မှုဖြစ်ပွား

**ကော့သောင်း ဩဂုတ် ၂၂**

ကိုရီးယားနိုင်ငံ Seoyang Shipping CO., LTD ပိုင် MV MCC Tokyo ပင်လယ်ကူး သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် မြန်မာသင်္ဘောသားနှစ်ဦး ဩဂုတ် ၂၀ ရက် ညပိုင်းက အချင်းချင်း စနောက်ရာမှ ခိုက်ရန်ဖြစ်ပွားကာ လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါနေ့ နံနက်ပိုင်းက MV MCC Tokyo ပင်လယ်ကူးသင်္ဘောသည် မလေးရှားနိုင်ငံ ပို့ကလန်ဆိပ်ကမ်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းဆိပ်ကမ်းသို့ သင်္ဘောအမှုထမ်း ကိုရီးယားနိုင်ငံသားနှစ်ဦး၊ မြန်မာနိုင်ငံသား ၁၈ ဦးဖြင့် ထွက်ခွာလာရာ အပြည်ပြည်ဆိုင်ရာ ရေပြင်အတွင်း မြန်မာသင်္ဘောသား နှစ်ဦးဖြစ်သည့် ဦးဥက္ကာ (၃၄)နှစ်နှင့် ဦးအောင်မျိုးသက်(၂၂) နှစ်တို့ နှစ်ဦး အချင်းချင်းစနောက်ရာမှ ခိုက်ရန်ဖြစ်ပွားကာ ဦးအောင်မျိုးသက်က သင်္ဘောမီးဖိုချောင်မှ ဓားဖြင့် ဦးဥက္ကာ၏ ဝမ်းဗိုက်ကိုထိုးသဖြင့် သင်္ဘောပေါ်ရှိ ဆေးရုံခန်းတွင် ကနဦးကုသမှုခံယူခဲ့ပြီး သင်္ဘောကို နီးစပ်ရာသို့ Master Order ဖြင့် ဆေးကုသမှုခံယူနိုင်ရန် ကော့သောင်းဆိပ်ကမ်းသို့ ပြန်လည်ထွက်ခွာလာစဉ် ည ၉ နာရီခန့်တွင် ဦးဥက္ကာမှာ သွေးထွက်လွန်၍ သင်္ဘောပေါ်တွင် သေဆုံးခဲ့ခြင်းဖြစ်သည်။

ဩဂုတ် ၂၁ ရက် နံနက်ပိုင်းတွင် ကော့သောင်းမြို့နယ် ဇာဒက်ကြီးကျွန်းရှေ့ရေပြင်၌ ကျောက်ချရပ်နားထားသော သင်္ဘောပေါ်သို့ ကော့သောင်း ရဲတပ်ဖွဲ့ မြို့နယ်ရဲမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိ အဖွဲ့အစည်းများ သွားရောက်၍ လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ကာ မွန်းလွဲပိုင်းတွင် သေဆုံးသူ ရုပ်အလောင်းကို ကော့သောင်းမြို့သို့ သယ်ဆောင်လာပြီး ဖြစ်မှုကျူးလွန်သူ ဦးအောင်မျိုးသက် (၂၂) နှစ်အား သေမှုသေခင်း ဥပဒေပုဒ်မနှင့်အညီ ကော့သောင်းမြို့မ ရဲတပ်ဖွဲ့စခန်းက ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ပင်လယ်ကူး သင်္ဘောပေါ်မှ မြန်မာသင်္ဘောသားများမှာ လာမည့်ရက် အနည်းငယ်အတွင်း မြန်မာနိုင်ငံ ကော့သောင်းမြို့အနီး ပင်လယ်ပြင်တွင် တာဝန်လဲလှယ်ကာ ကော့သောင်းမြို့တွင် ဝင်ရောက်မည့်သူများဖြစ်ကြောင်းလည်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# ဂျာမနီနိုင်ငံတွင် တစ်ရက်အတွင်း ကိုဗစ် -၁၉ ကူးစက်ခံရသူ ၂၀၀၀ ကျော် တွေ့ရှိ

ဘာလင် ဩဂုတ် ၂၂

**ပြီးခဲ့သည့် ၂၄ နာရီအတွင်း ဂျာမနီနိုင်ငံတွင် ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူ ၂၀၀၀ ကျော် ထပ်မံတွေ့ရှိခဲ့ရာ ဧပြီလကုန်ပိုင်းမှစ၍ ကူးစက်မှုအမြင့်ဆုံးပမာဏဖြစ်သည်ဟု ကျန်းမာရေးအာဏာပိုင်များက ဩဂုတ် ၂၂ ရက်တွင် ပြောသည်။**

နောက်ထပ်ကူးစက်ခံရသူ ၂၀၃၄ ဦး ထပ်မံတွေ့ရှိခဲ့ပြီး ခုနစ်ဦးသေဆုံးခဲ့ကြောင်း အာကေအိုင် ရောဂါထိန်းချုပ်ရေး အင်စတီကျူက ပြောသည်။

ထို့ကြောင့် ဂျာမနီနိုင်ငံတွင် ကိုဗစ် -၁၉ စုစုပေါင်း ကူးစက်ခံရသူ ၂၃၂၀၈၂ ဦး ရှိလာသည်။ သေဆုံးသူ စုစုပေါင်းမှာမူ ၉၂၆၇ ဦးရှိသည်ဟု သိရသည်။

မကြာသေးမီရက်ပိုင်းအတွင်း နေ့စဉ်ကူးစက်မှုနှုန်းမှာ တိုးလာပြီး ရောဂါကူးစက်မှုများပြားရာ ဒေသများမှ ပြန်လာသူများထံတွင် ရောဂါပိုးပါလာခြင်းဖြစ်နိုင်ကြောင်း အာဏာပိုင်များက သတိပေးထားသည်။

ဆေးစစ်ပေးမှုကို အများအပြားလုပ်ဆောင်ပေးနိုင်သဖြင့် ရောဂါကူးစက်ခံရသူဦးရေ များပြားလာခြင်းဖြစ်သည်ဟုလည်း အချို့သော ကျွမ်းကျင်သူများက ထောက်ပြကြသည်။

ယခုလက်ရှိတိုးနေသည့်ပမာဏမှာ စိုးရိမ်ဖွယ်ရာအခြေအနေတွင်ရှိသည်ဟု ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်၏ ပြောရေးဆိုခွင့်ရှိသူ စတက်ဖင်ဆီဘတ်က ဩဂုတ် ၂၁ ရက်တွင် ပြောကြားခဲ့သည်။

ယင်းအတွက် စိုးရိမ်ပူပန်ရမည်ဖြစ်ပြီး ပြည်သူများ အနေဖြင့်လည်း လူအချင်းချင်းခပ်ခွာခွာနေထိုင်ခြင်း၊ နှာခေါင်းစည်းတပ်ဆင်ခြင်းတို့ကို မပျက်မကွက်လိုက်နာခြင်းဖြင့် ရောဂါထိန်းချုပ်ရာတွင် ပါဝင်ကြရန် ၎င်းက တိုက်တွန်းပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**




ဘာလင်မြို့လယ်တွင် သွားလာလှုပ်ရှားနေကြသူများကို ဩဂုတ် ၁၄ ရက်က တွေ့ရစဉ်။

# ဒီမိုကရက်တစ်ပါတီ၏ သမ္မတလောင်းအဖြစ် ဂျိုးဘိုင်ဒင် မိန့်ခွန်းပြောကြား


**ဝါရှင်တန် ဩဂုတ် ၂၂**

ဒုတိယသမ္မတဟောင်း ဂျိုးဘိုင်ဒင်သည် ဒီမိုကရက်တစ်ပါတီ၏ သမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းသည့်အပေါ် ကြိုဆိုလက်ခံသည့်အနေဖြင့် မိန့်ခွန်းပြောကြားခဲ့သည်။ ဂျိုးဘိုင်ဒင်သည် နိုဝင်ဘာလတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အမေရိကန်လက်ရှိသမ္မတ ဒေါ်နယ်ထရမ့်နှင့် ယှဉ်ပြိုင်ရန် ဒီမိုကရက်တစ်ပါတီ၏ သမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းလိုက်ပြီး နှစ်ရက်အကြာတွင် ဘိုင်ဒင်က မိန့်ခွန်းပြောကြားခဲ့သည်။ ဒီမိုကရက်တစ်ပါတီ၏ အမျိုးသားညီလာခံကို ကိုဗစ်-၁၉ ကြောင့် အွန်လိုင်းဆွေးနွေးမှုမှတစ်ဆင့် ကျင်းပခဲ့သည်။

ဘိုင်ဒင်က မိမိကိုမထောက်ခံသူများအတွက်လည်း မိမိကိုထောက်ခံသူများနည်းတူ အလုပ်ကို ကြိုးစားလုပ်ကိုင်သွားမည်ဖြစ်ကြောင်း၊ သမ္မတဆိုသည်မှာ အားလုံးကို ကိုယ်စားပြုကြောင်း၊ မိမိ၏ ပါတီတစ်ခုတည်းအတွက်သာ မဟုတ်ကြောင်း ပြောကြားလိုက်သည်။

လတ်တလောအချိန်တွင် ပါတီစွဲများထားရှိရမည့်အချိန် မဟုတ်ကြောင်း၊ အမေရိကန်အတွက်သာဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။



ဒုတိယသမ္မတဟောင်း ဂျိုးဘိုင်ဒင်

အသက် ၇၇ နှစ်ရှိ ဘိုင်ဒင်သည် မတူကွဲပြားမှုများကို လေးစားမည်ဟု ကတိပေးခဲ့ပြီး ထရမ့်ကြောင့် သဘောထားကွဲနေသည့် နိုင်ငံကို ပေါင်းစည်းရန် လုပ်ဆောင်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ဘိုင်ဒင်က ပြည်တွင်းတွင် ၎င်း၏ကြွေးကြော်သံ ပဲ့တင်ထပ် မြည်ဟည်းအောင် လုပ်ဆောင်လျက်ရှိသည်။ ၎င်း၏ကြွေးကြော်သံမှာ "အကောင်းဆုံး ပြန်လည်တည်ဆောက်" ဆိုသည့် ကြွေးကြော်သံပင်ဖြစ်သည်။

ဘိုင်ဒင်က ကိုဗစ်- ၁၉ ကြောင့် ရုန်းကန်ကြိုးစားနေရသည့် အသေးစားစီးပွားရေးလုပ်ငန်းများ၊ လူမှုအသိုက်အမြုံများအတွက်၊ မိသားစုများအတွက် စီးပွားရေးကယ်ဆယ်မှုများကိုလည်း ချက်ချင်းလုပ်ဆောင်ပေးမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ဘိုင်ဒင်အား ပြည်သူလူထု၏ ခံစားမှုများကို လုံးဝကိုယ်ချင်းစာနားလည်မှုရှိသည့် အမြော်အမြင်ကြီးသော နိုင်ငံရေးသမားအဖြစ် ကျယ်ကျယ်ပြန့်ပြန့်ရှုမြင်လျက်ရှိသည်။ ၎င်း၏ မိန့်ခွန်းတွင် ၎င်း၏ပထမဇနီးနှင့် ကလေးတစ်ဦး ကားမတော်တဆမှုတွင် ဆုံးရှုံးခဲ့သည်ကို ဖော်ပြပြောဆိုခဲ့သည်။

ညီလာခံတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သူများ၊ နာမည်ကျော်များနှင့် ရီပတ်ဘလစ်ကန်များသည်ပင်လျှင် စည်းလုံးညီညွတ်မှုရှိရမည်ဟူသော ၎င်း၏ သတင်းစကားကို အမေရိကန်တစ်နိုင်ငံလုံး ဖြန့်ကြက်ယူဆောင်သွားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# နိုင်ငံတကာအဏုမြူစွမ်းအင် အေဂျင်စီအကြီးအကဲ အီရန်သို့ သွားမည်

**ဗီယင်နာ ဩဂုတ် ၂၂**

အီရန်က ကုလသမဂ္ဂစစ်ဆေးသူများအား ၎င်း၏နျူကလီးယားနေရာအချို့ကို ကြည့်ရန် ငြင်းပယ်လိုက်သောကြောင့် နိုင်ငံတကာအဏုမြူစွမ်းအင် အေဂျင်စီအကြီးအကဲ ရာဖေးလ်ဂရော့စီသည် အီရန်ကို သွားရောက်ရန် ပထမဆုံးအကြိမ် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

သံတမန် သတင်းရင်းမြစ်များက နိုင်ငံတကာအဏုမြူစွမ်းအင် အေဂျင်စီညွှန်ကြားရေးမှူးချုပ် ရာဖေးလ်ဂရော့စီသည် အီရန်အဆင့်မြင့် အရာရှိများနှင့် ဆွေးနွေးမှုများဆောင်ရွက်ရန် လာမည့်သီတင်းပတ်ထက်စောနိုင်သမျှစောစွာ အီရန်ကို ထွက်ခွာမည်ဟု မျှော်လင့်ကြောင်း ဖော်ပြထားသည်။

အီရန်နိုင်ငံ၏ သံသယဖြစ်ဖွယ် နျူကလီးယားများ သိမ်းဆည်းထားသော နေရာများကို စစ်ဆေးရန် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ၏ စစ်ဆေးမှုကိုခံယူရေး အီရန်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုကို ၎င်းအနေဖြင့် တောင်းဆိုမည်ဖြစ်ကြောင်း သိရသည်။

ကုလသမဂ္ဂ နျူကလီးယားစောင့်ကြည့်ရေးအဖွဲ့က အီရန်ကို နျူကလီးယားသိုလှောင်သိမ်းဆည်းထားနိုင်သည်ဟု ယူဆရသော နေရာနှစ်ခုကို စစ်ဆေးသူများအား စစ်ဆေးခွင့်ပေးရန် ဇွန်လက ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ အဆိုပါ ဆုံးဖြတ်ချက်ကို ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီတို့က အဆိုပြုခဲ့ခြင်း ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုက အီရန်နိုင်ငံအပေါ် ဖိအားဆက်လက်ပေးလျက်ရှိသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုသည် ယခုလအစောပိုင်းက နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီအကြီးအကဲ ဂရော့စီနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ခရီးသွားလုပ်ငန်းမှ ဒေါ်လာ ၃၂၀ ဘီလီယံအထိ ဆုံးရှုံးနစ်နာဟု ကုလသမဂ္ဂပြော

**ဂျီနီဗာ ဩဂုတ် ၂၂**

ကိုဗစ် -၁၉ ကူးစက်မှုကို လျှော့ချနိုင်ရေးအတွက် ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်မှုကြောင့် ဇန်နဝါရီလမှ မေလအတွင်း အပြည်ပြည်ဆိုင်ရာ ခရီးသွားလာမှုတွင် လူသန်းပေါင်း ၃၀၀ ကျဆင်းခဲ့သည်ဟု ကုလသမဂ္ဂအေဂျင်စီက ခန့်မှန်းထားသည်။

ယင်းကဲ့သို့ ခရီးသွားလာမှု လျော့ကျခဲ့သည့်အတွက် ခရီးသွားလုပ်ငန်းတွင် ဒေါ်လာသန်း ၃၂၀ ထိခိုက်စေခဲ့သည်ဟု ကုလသမဂ္ဂအေဂျင်စီက ခန့်မှန်းထားသည်။

ယင်းကဲ့သို့ ထိခိုက်နစ်နာမှုသည် ၂၀၀၉ ခုနှစ် တစ်ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးအကျပ်အတည်းနှင့် တွေ့ကြုံစဉ်ကထက် သုံးဆပို၍ ဆုံးရှုံးနစ်နာမှုပိုများကြောင်း ကုလသမဂ္ဂကမ္ဘာ့ခရီးသွားလုပ်ငန်း အဖွဲ့အစည်းက ပြောသည်။

ဇူလိုင် ၂၇ ရက်အထိ ကမ္ဘာ့နိုင်ငံနှင့် နယ်မြေပေါင်း ၂၁၇ ခုတို့မှ ၅၃ ရာခိုင်နှုန်းသည် နိုင်ငံရပ်ခြားမှ ခရီးသွားများကို လက်ခံခြင်းမပြုသေးကြောင်း အဆိုပါ အေဂျင်စီက ပြောသည်။

ကိုဗစ် -၁၉ ကူးစက်မှု လျော့ကျစေမည့် လုပ်ထုံးလုပ်နည်းများကိုလိုက်နာကာ ခရီးသွားလာမှုလုပ်ငန်း ပြန်လည်စတင်နိုင်ရေး ကုလသမဂ္ဂအေဂျင်စီက တောင်းဆိုလျက်ရှိသည်။

အပြည်ပြည်ဆိုင်ရာ ခရီးသွားလုပ်ငန်းတွင် အကြီးအကျယ်ထိခိုက်မှုကြောင့် လူသန်းပေါင်းများစွာ၏လူမှုဘဝ နေထိုင်ရေးအတွက် ထိခိုက်မှုရှိကြောင်း ကုလသမဂ္ဂအေဂျင်စီက ပြောသည်။

သို့သော်လည်း ခရီးသွားလုပ်ငန်းကို လျင်မြန်စွာ ပြန်စခဲ့သည့် ဥရောပနှင့်အခြားသော နိုင်ငံများတွင် နွေရာသီအားလပ်ရပ်ခရီး ထွက်ကြပြီးနောက် ကိုဗစ် - ၁၉ ကူးစက်မှုများ ပြန်လည်တိုးလာကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဘရူနိုင်းနှင့် နယူးဇီလန်မှခရီးသွားများကို စင်ကာပူနိုင်ငံက လက်ခံသွားမည်

**စင်ကာပူ ဩဂုတ် ၂၂**

စင်ကာပူနိုင်ငံသည် စက်တင်ဘာ ၈ ရက်မှစတင်ကာ နယူးဇီလန်နှင့် ဘရူနိုင်းနိုင်ငံတို့မှ ခရီးသွားများကို ပြန်လည်လက်ခံသွားမည်ဖြစ်ကြောင်း ဩဂုတ် ၂၁ ရက်တွင် ကြေညာခဲ့သည်။

ကိုဗစ် -၁၉ ကူးစက်မှု တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့နေချိန် မတ်လမှစတင်ကာ ခရီးသွားများဝင်ရောက်မှုကို စင်ကာပူနိုင်ငံက ပိတ်ထားခဲ့ပြီးနောက် ယခုပထမဦးဆုံးအကြိမ်အဖြစ် ပြန်လည်ဝင်ရောက်ခွင့်ပြုမည်ဖြစ်သည်။

စင်ကာပူလေကြောင်းလိုင်းများနှင့် ချန်ဂီလေဆိပ် ပြန်လည်ရှင်သန်လာရေးအတွက် သတိကြီးကြီးထားကာ ဆောင်ရွက်သည့်လှုပ်ရှားမှုတစ်ခုဟု သယ်ယူပို့ဆောင်ရေးဝန်ကြီး အွန်ရီခေါင်က သတင်းထောက်များကို ပြောသည်။

စီးပွားရေးလုပ်ငန်းပြန်လည်ရှင်သန်နိုင်ရေးအတွက် နယ်စပ်ပြန်ဖွင့်ရမည်ဖြစ်ပြီး အသက်ရှင်ရပ်တည်နိုင်ရေးအတွက် ကမ္ဘာကြီးနှင့်အဆက်အသွယ်ပြန်လည်ပြုလုပ်ရမည်ဖြစ်သည်။ ယင်းအတွက် လေကြောင်းလုပ်ငန်းမှာ အဓိကကျသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဘရူနိုင်းနှင့် နယူးဇီလန်နိုင်ငံတို့မှာ ကိုဗစ် -၁၉ ကူးစက်မှုကို ကောင်းမွန်စွာထိန်းချုပ်နိုင်ကြကြောင်း၊ အဆိုပါနိုင်ငံများမှ ခရီးသွားများသည် စင်ကာပူနိုင်ငံသို့ ဆိုက်ရောက်လျှင် ကိုဗစ် -၁၉ ရှိမရှိ ဆေးစစ်ရမည်ဖြစ်ပြီး တခြားနေရာမှလာသည့်သူများကဲ့သို့ ရက်အတန်ကြာသီးခြားခွဲနေစရာမလိုကြောင်း သိရသည်။

**ကျိုဒို**

# ကိုဗစ် – ၁၉ ကူးစက်ပျံ့နှံ့မှုမရှိရေး ဆောင်ရွက်ချက်များ တောင်ကိုရီးယားနိုင်ငံတွင် တိုးမြှင့်လုပ်ဆောင်

**ဆိုးလ် ဩဂုတ် ၂၂**

တောင်ကိုရီးယားသည် ကိုဗစ် – ၁၉ ဖြစ်ပွားမှုကို တားဆီးထိန်းချုပ်ရန် ဩဂုတ် ၂၃ ရက်မှစကာ နိုင်ငံတစ်ဝန်း ကိုဗစ် – ၁၉ တားဆီးကန့်သတ်မှုများကို အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

တောင်ကိုရီးယားနိုင်ငံတွင် ဩဂုတ် ၂၂ ရက်က ကိုဗစ် – ၁၉ အသစ် ထပ်မံကူးစက်အတည်ပြုလူနာ ၃၃၂ ဦးရှိလာပြီးနောက် ယခုလို ကိုဗစ် – ၁၉ တားဆီးကန့်သတ်မှုများကို အရှိန်မြှင့်တင် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပမာဏသည် မတ်လအစောပိုင်းမှစကာ တစ်နေ့တည်း ကိုဗစ် – ၁၉ ကူးစက်မှုအမြင့်ဆုံးပမာဏဖြစ်သည်။

နှစ်ရက်ဆက်တိုက် ကိုဗစ် – ၁၉ ကူးစက်မှု ၃၀၀ ကျော်လာပြီးနောက် ဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုလျှော့ချရေးကို ကိုရီးယားနိုင်ငံ မြို့တော်ဆိုးလ်အနီးဝန်းကျင်ဒေသများတွင် တင်းကျပ်လျက်ရှိသည်။

နိုင်ငံတစ်ဝန်း ကိုဗစ် – ၁၉ ဒုတိယလှိုင်း ရိုက်ခတ်လာမည့်အရိပ်အယောင်တွေ့ရသောကြောင့် ကိုဗစ် – ၁၉ မပြန့်ပွားရေး ကြိုတင်ဆောင်ရွက်ချက်များကို ဆောင်ရွက်လျက်ရှိကြောင်း ကျန်းမာရေးနှင့်လူမှုရေးဝန်ကြီး ပါ့ခ်နွန်ဟိုးက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

ကိုဗစ် – ၁၉ ကူးစက်ပျံ့နှံ့မှုမရှိအောင် ထိန်းချုပ်ခြင်းသည် အဆင့်မြင့်ဦးစားပေးလုပ်ငန်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကိုဗစ် – ၁၉ ကူးစက်ပျံ့နှံ့မှုမရှိစေရေး ဆောင်ရွက်ချက်များတွင် လူစုလူဝေးပြုလုပ်ခြင်းနှင့် အလုံပိတ်အားကစားပွဲများ ပြုလုပ်ခြင်းစသည်တို့ကိုလည်း တားမြစ်ထားကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံတစ်ဝန်းတွင် ကိုဗစ် – ၁၉ အတည်ပြုကူးစက်လူနာပေါင်း ၁၇၀၀၂ ဦးရှိပြီး ၃၀၉ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**




တောင်ကိုရီးယားနိုင်ငံတွင် ကျန်းမာရေးဝန်ထမ်းတစ်ဦးက ပိုးသတ်ဆေးများဖျန်းနေစဉ်။



၂၀၁၅ခုနှစ်က ပြင်သစ်၊ ဂျာမနီ၊ ဥရောပသမဂ္ဂ၊ အီရန်၊ ဗြိတိန်၊ အမေရိကန်ပြည်ထောင်စုတို့မှ နိုင်ငံခြားရေးဝန်ကြီးများနှင့် တရုတ်နှင့် ရုရှားနိုင်ငံတို့မှ သံတမန်များ အီရန်နျူကလီးယားအစီအစဉ်အပေါ် ဘက်ပေါင်းစုံသဘောတူညီမှုဆိုင်ရာ မူဘောင်ကို ကြေညာနေစဉ်။

# အီရန်နျူကလီးယားသဘောတူညီချက်နှင့်ပတ်သက်ပြီး နိုင်ငံခြောက်နိုင်ငံ တွေ့ဆုံမည်

**တီဟီရန် ဩဂုတ် ၂၂**

အမေရိကန်မှလွဲ၍ ၂၀၁၅ အီရန်နျူကလီးယားသဘောတူ စာချုပ်ကို လက်မှတ်ရေးထိုးထားသူများအားလုံး လာမည့်လတွင် ဗီယင်နာ၌ တွေ့ဆုံမည်ဖြစ်ကြောင်း နိုင်ငံတကာသတင်း တစ်ရပ်တွင် ဩဂုတ် ၂၂ ရက်က ဖော်ပြလိုက်သည်။

ဗြိတိန် ကိုယ်စားလှယ်များ၊ ပြင်သစ်ကိုယ်စားလှယ်များ၊ ဂျာမနီ ကိုယ်စားလှယ်များ၊ ရုရှားကိုယ်စားလှယ်များ၊ တရုတ်ကိုယ်စားလှယ်များ၊ အီရန်ကိုယ်စားလှယ်များသည် စက်တင်ဘာ ၁ ရက်တွင် တွေ့ဆုံမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂက ဩဂုတ် ၂၁ ရက်တွင် ကြေညာခဲ့သည်။

အစည်းအဝေးအစီအစဉ်အသေးစိတ်နှင့်ပတ်သက်ပြီး ထုတ်ပြန်ဖော်ပြခြင်း မရှိသေးပေ။ သို့သော်လည်း ပါဝင်တက်ရောက်သူများသည် အီရန်နိုင်ငံအပေါ် ကုလသမဂ္ဂအရေးယူပိတ်ဆို့မှုပြန်လည်ပြုလုပ်ရန် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏တောင်းဆိုမှုအပေါ် မည်သို့မည်ပုံ တုံ့ပြန်သွားမည်နည်းဆိုသည့် အချက်အလက်များကို ဆွေးနွေးသွားဖွယ်ရှိကြောင်း သိရသည်။

အမေရိကန်အစိုးရအဖွဲ့က ၂၀၁၅ သဘောတူညီချက်၏ လုပ်ထုံးလုပ်နည်းများကို အသုံးချပြီး အီရန်နိုင်ငံက သဘောတူညီချက်ကို ဖောက်ဖျက်လိုက်ပြီဆိုသည်နှင့် အရေးယူပိတ်ဆို့မှုများ ပြန်လည်ပြုလုပ်နိုင်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီကို တောင်းဆိုထားကြောင်း သိရသည်။

အီရန်က အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ပြတ်ပြတ်သားသား တုံ့ပြန်ထားသည်။

ရုရှားနှင့် တရုတ်နိုင်ငံတို့က ၂၀၁၅ အီရန်နျူကလီးယားသဘောတူညီချက်မှ အမေရိကန်နုတ်ထွက်သွားပြီးနောက် အမေရိကန်တွင် ထိုသို့လုပ်ပိုင်ခွင့်မရှိကြောင်း ပြောကြားထားသည်။

အလားတူ ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့ကလည်း အမေရိကန်၏ဆုံးဖြတ်ချက်ကို ဆန့်ကျင်ကြောင်း ဖော်ပြခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# ကမ္ဘာ့ ကိုဗစ် - ၁၉ အတည်ပြုလူနာပေါင်း ၂၂ ဒသမ ၇ သန်းကျော်ရှိလာ

**ဝါရှင်တန် ဩဂုတ် ၂၂**

အမေရိကန်နိုင်ငံ ဂျွန်ဟော့ကင်းတက္ကသိုလ်က ဩဂုတ် ၂၁ ရက် ထုတ်ပြန်ချက်အရ ကမ္ဘာ့ကိုဗစ် – ၁၉ အတည်ပြုလူနာပေါင်း ၂၂ ဒသမ ၇ သန်းကျော် (၂၂၇၇၃၃၀၈) ဦး ရှိလာပြီဖြစ်ကြောင်း ကြေညာလိုက်သည်။

ကမ္ဘာတစ်ဝန်း ကိုဗစ် – ၁၉ ကြောင့် သေဆုံးသူပေါင်းမှာလည်း ၇၉၅၁၉၆ ဦးအထိ ရှိလာကြောင်း ဆက်လက်ဖော်ပြထားသည်။


ကမ္ဘာ့ ကိုဗစ် – ၁၉ ဖြစ်စဉ်တွင် အမေရိကန်သည် အဆိုးဆုံးအခြေအနေတွင်ရှိပြီး ကိုဗစ် – ၁၉ အတည်ပြုလူနာပေါင်း ၅၅၉၅၃၆၁ ဦးရှိသည်။ ထို့နောက် ဘရာဇီးနိုင်ငံက ကိုဗစ် – ၁၉ အတည်ပြုလူနာ ၃၅၀၁၉၇၅ ဦးဖြင့် ဒုတိယအများဆုံးဖြစ်သည်။

ထို့နောက် ရုရှားတွင် ကိုဗစ် – ၁၉ အတည်ပြုလူနာ ၉၄၄၆၇၁ ဦး၊ တောင်အာဖရိကတွင် ၅၉၉၉၄၀ တို့ဖြစ်ကြသည်။

အမေရိကန်ပြည်ထောင်စုတစ်ခုတည်းတွင် ကိုဗစ် – ၁၉ ကြောင့် သေဆုံးသူပေါင်းမှာ ၁၇၄၆၄၇ ဦးဖြစ်ပြီး အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် အများဆုံးဖြစ်သည်။

ယင်းနောက် ဘရာဇီးနိုင်ငံတွင် သေဆုံးသူပေါင်း ၁၁၂၃၀၄ ဦး၊ မက္ကဆီကိုတွင် ၅၉၁၀၆ ဦး၊ အိန္ဒိယတွင် ၅၄၈၄၉ ဦးနှင့် ဗြိတိန်တွင် ၄၁၄၉၁ ဦးရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



ကိုဗစ် – ၁၉ ကူးစက်ပြန့်ပွားမှုကြောင့် ကမ္ဘာကြီးနှာခေါင်းစည်းတပ်ဆင်ထားရသည်ကို ဖော်ပြထားသည့်ပုံကို တွေ့ရစဉ်။

# ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်–၁၉ အတည်ပြုလူနာ ၂၄၀၀ ကျော်ထပ်မံတိုးလာ

**ဒါကာ ဩဂုတ် ၂၂**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဩဂုတ် ၂၁ ရက်က ကိုဗစ်–၁၉ အတည်ပြုလူနာ ၂၄၀၁ ဦးထပ်မံတိုးလာသဖြင့် စုစုပေါင်း ကိုဗစ်–၁၉ ဖြစ်ပွားသူ ၂၉၀၀၀၀ ကျော်ပြီဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးနှင့် မိသားစုဖူလုံရေးဝန်ကြီးဌာနအောက်ရှိ အထွေထွေကျန်းမာရေးညွှန်ကြားမှုဦးစီးဌာနမှ ဖော်ပြသည့် စာရင်းများအရ နိုင်ငံအတွင်း ကိုဗစ်–၁၉ အတည်ပြုလူနာ အရေအတွက်မှာ ၂၉၀၃၆၀ ရှိပြီး သေဆုံးသူဦးရေမှာ ၃၈၆၁ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း နောက်ထပ်သေဆုံးသူ ၃၉ ဦးရှိခဲ့ကြောင်း အဆိုပါဌာန၏ ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း လွန်ခဲ့သော ၂၄ နာရီအတွင်း နမူနာစစ်ဆေးမှုပေါင်း ၁၂၉၄၃ ခုကို စစ်ဆေးခဲ့ကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

နိုင်ငံအတွင်း ရောဂါသက်သာပျောက်ကင်းသူအရေအတွက်မှာ ဩဂုတ် ၂၁ ရက်တွင် ရောဂါပျောက်ကင်းသူအသစ် ၃၆၂၄ ဦးအပါအဝင် စုစုပေါင်း ၁၇၂၆၁၅ ဦးရှိပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် မိသားစုဖူလုံရေးဝန်ကြီးဌာနအောက်ရှိ အထွေထွေကျန်းမာရေးညွှန်ကြားမှုဦးစီးဌာနက ဖော်ပြထားသည်။

ထို့အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ယခုအချိန်၌ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးမှုနှုန်းမှာ ၁ ဒသမ ၃၃ ရာခိုင်နှုန်းရှိပြီး ရောဂါပျောက်ကင်းမှုနှုန်းမှာ ၅၉ ဒသမ ၄၅ ရာခိုင်နှုန်းရှိကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နေ့စဉ်ရောဂါကူးစက်မှုအတည်ပြုလူနာသစ် အများဆုံးနေ့အဖြစ် ဇူလိုင် ၂ ရက်တွင် ၄၀၁၉ ဦးရှိခဲ့ပြီး နေ့စဉ်သေဆုံးမှုအများဆုံးနေ့အဖြစ် ဇွန် ၃၀ ရက်က ၆၄ ဦးရှိခဲ့သည်။

**ဆင်ဟွာ**

# မြေထဲပင်လယ်အတွင်းက သယံဇာတဆိုင်ရာ ပဋိပက္ခ

ကလျာမိုးမြင့်

မြေထဲပင်လယ်အတွင်းမှာ ဓာတ်ငွေ့ဆိုင်ရာပဋိပက္ခတစ်ခုအဖြစ် ကြိမ်ဖန်များစွာ ဖော်ပြခြင်းခံရတဲ့ အချေအတင်ဖြစ်ပွားမှုဟာ အခုလက်ရှိမှာပိုပြီး အရှိန်မြင့်လာနေတာကို တွေ့ရပါတယ်။ ဝယ်လိုအားနည်းပါးမှုနဲ့ ရင်းနှီးမြှုပ်နှံသူတွေ နောက်ပြန်လှည့်သွားတဲ့ အခြေအနေတွေကြောင့် ဓာတ်ငွေ့ဈေးနှုန်းအကျဘက်ကို ဦးတည်နေချိန်မှာ ဓာတ်ငွေ့တူးဖော်ရေးနဲ့ပတ်သက်ပြီး တူရကီနဲ့ ဂရိရဲ့ယှဉ်ပြိုင်မှုဟာ ထူးခြားဖြစ်စဉ်တစ်ခုအနေနဲ့ ထွက်ပေါ်လာပါတယ်။

## တူရကီသမ္မတသတိပေး

ဒီတော့ တူရကီ၊ ဂရိ၊ ဆိုက်ပရပ်စ်နဲ့ အီဂျစ်နိုင်ငံတွေအကြား ဓာတ်ငွေ့ကိစ္စနဲ့ပတ်သက်ပြီး ဖြစ်ပွားနေတဲ့ ပဋိပက္ခဟာ ဒေသတွင်းက တခြားနိုင်ငံတွေနဲ့ ဥရောပအင်အားကြီးနိုင်ငံတွေကိုပါ ဆွဲဆောင်နေပါတယ်။ လွန်ခဲ့တဲ့ ဆယ်စုနှစ်တစ်ခုအကြာက မြေထဲပင်လယ်ဒေသမှာ ရေနံနဲ့ဓာတ်ငွေ့တွင်းတွေ အမြောက်အမြားတွေ့ရှိခဲ့ပြီး ယနေ့ဈေးနှုန်းနဲ့ဆိုရင် ခန့်မှန်းခြေ ဒေါ်လာထရီလီယံပေါင်းများစွာတန်ကြေးရှိတယ်လို့ သိရပါတယ်။ တူရကီနဲ့ ဂရိနှစ်နိုင်ငံလုံးက သူပိုင်တယ်၊ ငါပိုင်တယ်ဆိုပြီး အငြင်းပွားနေတဲ့ ရေပိုင်နက်ထဲမှာ တူရကီရဲ့ Oruc Reis သုတေသနသင်္ဘောက ရေနံနဲ့ဓာတ်ငွေ့တူးဖော်ရှာဖွေရေး လုပ်ဆောင်နေပါတယ်။ ဩဂုတ် ၁၃ ရက်မှာ တူရကီသမ္မတ ရီဆက်တေယစ်အာဒိုဂန်က တူရကီရဲ့သုတေသနသင်္ဘောကိုလာပြီး တိုက်ခိုက်နှောင့်ယှက်တဲ့ ဘယ်သူမဆို တန်ဖိုးကြီးကြီးမားမား ပြန်ပေးဆပ်ရလိမ့်မယ်လို့ သတိပေးလိုက်ပါတယ်။

## သက်သက်မဲ့ ရန်စခြင်းလား


ပြီးခဲ့တဲ့ ရက်သတ္တပတ်က ဂရိနဲ့တူရကီ ရေတပ်စစ်သင်္ဘောနှစ်စင်းတို့ အသေးစားတိုက်မိမှုဖြစ်ပွားခဲ့ရာမှာ အဲဒီကိစ္စကို ဂရိနိုင်ငံက မတော်တဆကိစ္စတစ်ခုလို့ ဖော်ပြခဲ့ပေမယ့် တူရကီကတော့ သက်သက်မဲ့ရန်လာစတာဆိုပြီး ပြောခဲ့ပါတယ်။ တူရကီသုတေသနသင်္ဘောကို စစ်သင်္ဘောတွေ လိုက်ပါခြံရံပြီး မြေထဲပင်လယ်ဆီ စေလွှတ်လိုက်ကတည်းက နေတိုးမဟာမိတ်နိုင်ငံတွေအကြားမှာ သဘောထားတင်းမာမှုတွေ ပိုမိုပြင်းထန်လာခဲ့တာပါ။

အဲဒီကိစ္စတွေဖြစ်နေချိန်မှာပဲ ချက်ချင်းလက်ငင်းဆိုသလို ပြင်သစ်နိုင်ငံက ဂရိကို စစ်ရေးဆိုင်ရာအကူအညီပေးမယ်ဆိုပြီး အလေးအနက်ကတိပြုလိုက်ပါတယ်။ ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်က ဂရိနဲ့ တူရကီခေါင်းဆောင်တွေကို ဒေသအတွင်းမှာ တင်းမာမှုလျော့ကျစေရေး ဝိုင်းဝန်းကြိုးပမ်းကြဖို့ တိုက်တွန်းခဲ့ပါတယ်။

## ပဋိပက္ခတစ်ခုဆီ ဦးတည်

၁၉၇၄ ခုနှစ်မှာ ဆိုက်ပရပ်စ်ကို တူရကီကျူးကျော်ခဲ့တဲ့ ကာလတုန်းကလိုမျိုး အတိတ်ကာလကတည်းက ယှဉ်ပြိုင်ဘက်တွေဖြစ်လာကြတဲ့ တူရကီနဲ့ဂရိတို့ဟာ အကြီးအကျယ်ပဋိပက္ခဖြစ်တော့မယ့် အခြေအနေတစ်ခုဆီ ရောက်လုနီးပါးဖြစ်တော့မယ်လို့တောင် ထင်နေရပါတယ်။

Greece and Turkey have overlapping claims in the Eastern Mediterranean




တူရကီ Oruc Reis သုတေသနသင်္ဘော ရေနံနှင့်ဓာတ်ငွေ့ တူးဖော်ရှာဖွေရေး သုတေသနပြုလုပ်နေသည့် တည်နေရာပြပုံ။

> **"ဒီတော့ တူရကီ၊ ဂရိ၊ ဆိုက်ပရပ်စ်နဲ့ အီဂျစ်နိုင်ငံတွေအကြား ဓာတ်ငွေ့ကိစ္စနဲ့ ပတ်သက်ပြီး ဖြစ်ပွားနေတဲ့ ပဋိပက္ခဟာ ဒေသတွင်းက တခြားနိုင်ငံတွေနဲ့ ဥရောပ အင်အားကြီးနိုင်ငံတွေကိုပါ ဆွဲဆောင်နေပါတယ်။ လွန်ခဲ့တဲ့ ဆယ်စုနှစ်တစ်ခုအကြာက မြေထဲပင်လယ်ဒေသမှာ ရေနံနဲ့ဓာတ်ငွေ့တွင်းတွေ အမြောက်အမြားတွေ့ရှိခဲ့ပြီး ယနေ့ဈေးနှုန်းနဲ့ဆိုရင် ခန့်မှန်းခြေ ဒေါ်လာထရီလီယံပေါင်းများစွာ တန်ကြေး ရှိတယ်လို့ သိရပါတယ်"**

မကြာသေးခင်အချိန်က တူရကီနဲ့ ဂရိနိုင်ငံတို့အကြား ရေနံနဲ့ ဓာတ်ငွေ့တွင်းတွေ အရေးကိစ္စနဲ့ ပတ်သက်ပြီး ဖြစ်ပွားခဲ့တဲ့ အငြင်းပွားမှုဟာ ဆိုက်ပရပ်စ်ပြဿနာနဲ့ ကြီးကြီးမားမားဆက်နွှယ်မှုရှိနေပါတယ်။ ဘာကြောင့်လဲဆိုတော့ တူရကီဟာ တော့ကစ်ဆိုက်ပရစ်လို့ တူရကီကခေါ်တွင်နေတဲ့ ဆိုက်ပရပ်စ်မြောက်ပိုင်းကမ်းခြေမှာ စစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့ပြီး အဲဒီဒေသကို နိုင်ငံတကာအဖွဲ့အစည်းတွေက တူရကီပိုင်နက်အဖြစ် အသိအမှတ်ပြုထားခြင်းမရှိပါဘူး။ သို့သော်လည်း လတ်တလောပေါ်ပေါက်လာတဲ့ အချေအတင်ဖြစ်ပွားမှုလေးကနေပြီးတော့ ပင်လယ်ရေပိုင်နက်ဆိုင်ရာ ပဋိပက္ခအဖြစ် အသွင်ပြောင်းလာနေပြီလို့ ကျွမ်းကျင်သူတွေက သုံးသပ်ကြပါတယ်။

## အထူးစီးပွားရေးဇုန်က ဝိုင်းရံထား

တူရကီကတော့ မိမိနိုင်ငံနဲ့သက်ဆိုင်တဲ့ နေရာတစ်ခုမှာ သယံဇာတရှာဖွေတူးဖော်ပိုင်ခွင့်ရှိတယ်ဆိုပြီး တွင်တွင်ပြောဆိုနေတာကိုတွေ့ရပါတယ်။ ဒါကို ဂရိနိုင်ငံဘက်က ဘယ်လိုတုံ့ပြန်သလဲဆိုတော့ ပင်လယ်ရေပိုင်နက် ဥပဒေဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအရ ဂရိနိုင်ငံရဲ့လူမနေတဲ့ ကျွန်းတွေအားလုံးကို မိုင်ပေါင်း ၂၀၀ ရှိတဲ့ အထူးစီးပွားရေးဇုန်က ပတ်ပတ်လည်ဝိုင်းရံထားတယ်လို့ ဆိုပါတယ်။

ဥရောပခေါင်းဆောင်တွေအနေနဲ့ ဆိုက်ပရပ်စ်မှာ တူရကီလုပ်ဆောင်ခဲ့တဲ့ စစ်ရေးလေ့ကျင့်မှုကို တုံ့ပြန်တဲ့အနေနဲ့ ယခင်က အရေးယူပိတ်ဆို့မှုတွေချမှတ်ခဲ့ပြီးတဲ့နောက် ယခုတစ်ကြိမ်ထပ်ပြီးတော့ ဒဏ်ခတ်ပိတ်ဆို့မှုအသစ်တွေ ချမှတ်ဖို့ရာကို သဘောတူညီချက်မရသေးဘဲဖြစ်နေပါတယ်။ အထူးသဖြင့် ဂျာမနီနိုင်ငံက တူရကီအပေါ် ပြင်းထန်တဲ့ အရေးယူပိတ်ဆို့မှုတွေချမှတ်ဖို့အားမပေးချင်ဘူး။ ပြီးတော့ တူရကီရဲ့သုတေသနသင်္ဘောကို အငြင်းပွားရေပိုင်နက်ထဲကနေ ပြန်လည်ဆုတ်ခွာသွားအောင် အတတ်နိုင်ဆုံးကြိုးပမ်းကြဖို့ အန်ကာရာအစိုးရအဖွဲ့ကို အကြံပြုခဲ့ပြီး တူရကီသမ္မတ အာဒိုဂန်က မကြာခင်အချိန်အတွင်း တူရကီရဲ့သဘောထားရပ်တည်ချက် ပျော့ပျောင်းလာစေမယ်ဆိုပြီး ကတိပေးထားတယ်လို့ သိရပါတယ်။

## အကျိုးအမြတ်ရှိနိုင်မလား

ဓာတ်ငွေ့ဈေးတွေ အတော်လေးကျဆင်းနေတဲ့ အခုလိုအချိန်မျိုးမှာ ရေနံနဲ့ ဓာတ်ငွေ့သယံဇာတတွေကို တူးဖော်ဖို့ အသည်းအသန်ကြိုးစားနေခြင်းက အကျိုးအမြတ်ရှိနိုင်ပါ့မလားဆိုတဲ့ မေးခွန်းတွေလည်း ပေါ်ထွက်နေပါတယ်။ အစ္စရေး၊ ဂရိနဲ့ ဆိုက်ပရပ်စ်တို့အကြား ဥရောပသမဂ္ဂဆီကို ဓာတ်ငွေ့ရောင်းချဖို့ EastMed ပိုက်လိုင်းတစ်ခုတည်ဆောက်မယ့် အစီအစဉ်ဟာလည်း ဖြစ်မြောက်ဖို့ ဝေးနေပါသေးတယ်။

တူရကီအနေနဲ့ နိုင်ငံရဲ့ငွေကြေးကို ထောက်တိုင်သဖွယ်အားပြုဖို့ရာအတွက် နိုင်ငံခြားငွေလဲလှယ်မှုတွေ ဒီထက်ပိုပြီး အရေးတကြီးလိုအပ်နေပါတယ်။ ကာတာနိုင်ငံကနေရတဲ့ ဒေါ်လာကို အားထားနေရပြီး စွမ်းအင်ကြွယ်ဝအောင်လုပ်ဖို့ လိုအပ်နေတဲ့အခြေအနေကြောင့် ဟိုက်ဒရိုကာဗွန် တူးဖော်နိုင်ဖို့ အသည်းအသန် ကြိုးစားနေပါတယ်။

## ခုခံကာကွယ်လိုတဲ့သဘောထားရပ်တည်ချက်

ဂရိနိုင်ငံက Crete ကမ်းခြေ ရေပိုင်နက်နဲ့ ဒေသတွင်းမှာရှိတဲ့ တခြားကျွန်းတွေအားလုံးဟာ ဂရိနိုင်ငံကသာ သယံဇာတရှာဖွေခွင့်ရှိတဲ့ ကိုယ်ပိုင်နေရာဖြစ်တယ်လို့ ဆိုထားပြီး တူရကီကတော့ကျွန်းတွေဟာ အထူးစီးပွားရေးဇုန်လို့ သတ်မှတ်ထားတဲ့စာရင်းမှာ ကျွန်းတွေကို ထည့်သွင်းထားခြင်းမရှိဘူးလို့ ပြောပြီး ငြင်းဆန်ခဲ့ပါတယ်။ ပြီးတော့ တူရကီက ၎င်းရဲ့ရပ်တည်ချက်သဘောထားဟာ နယ်ပယ်ချဲ့ထွင်လိုခြင်းထက် ခုခံကာကွယ်လိုတဲ့ သဘောထားရပ်တည်ချက်သာဖြစ်တယ်လို့လည်း အခိုင်အမာ ပြောဆိုထားပါတယ်။ ဒါပေမယ့် ကျွမ်းကျင်သူတွေကတော့ ဒေသတွင်းမှာ လတ်တလောဖြစ်သွားတဲ့ကိစ္စတွေကနေ ဂရိနဲ့ တူရကီအကြား ထိပ်တိုက်ရင်ဆိုင်မှုအကြီးအကျယ် ဖြစ်လာမှာကို စိုးရိမ်ပူပန်နေကြပါတယ်။

**ကိုးကား- ချန်နယ်နယူးအေးရှား**

---

**နိုင်ငံတကာသတင်းတိုတွာ**

## ဖိလစ်ပိုင်တွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ ၁၈၇၂၄၉ ဦးအထိရှိလာ

မနီလာ ဩဂုတ် ၂၂

ဖိလစ်ပိုင်နိုင်ငံတွင် ဩဂုတ် ၂၂ ရက်က ကိုဗစ် -၁၉ ကူးစက်ခံရသူ ၄၉၃၃ ဦးထပ်မံတွေ့ရှိခဲ့သည့်အတွက် စုစုပေါင်း ကူးစက်ခံရသူ ၁၈၇၂၄၉ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ပြန်လည်ကျန်းမာလာခြင်းကြောင့် ဆေးရုံမှဆင်းသွားသည့်လူနာ ၄၃၆ ဦးတိုးလာသည့်အတွက် စုစုပေါင်း ပြန်လည်ကျန်းမာလာသူ ၁၁၄၉၂၁ ဦးရှိကြောင်း သိရသည်။

သေဆုံးသူ စုစုပေါင်းမှာ ၂၉၆၆ ဦး ရှိသည်။ မနီလာမြို့သည် ကူးစက်မှုများနေသည့် ဒေသငါးခုတွင် ကူးစက်မှုနှုန်း အမြင့်ဆုံးဖြစ်နေသည်။

ကိုဗစ် -၁၉ ကူးစက်မှုတိုးနေသည့်အတွက် ရောဂါရှိသူများနှင့် ထိတွေ့သူများကို ခြေရာခံလိုက်မည့်သူ ၅၀၀၀၀ အထိ တိုးမြှင့်ငှားရမ်းခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

## အင်ဒိုနီးရှားနိုင်ငံတွင် တစ်နေ့အတွင်း ကိုဗစ် -၁၉ ကူးစက်ခံရသူ ၂၀၉၀ အထိရှိ

ဂျကာတာ ဩဂုတ် ၂၂

အင်ဒိုနီးရှားနိုင်ငံတွင် တစ်နေ့အတွင်း ကိုဗစ် -၁၉ နောက်ထပ် ကူးစက်သူ ၂၀၉၀ တွေ့ရှိခဲ့သည့်အတွက် စုစုပေါင်း ကူးစက်ခံရသူ ၁၅၁၄၉၈ ဦးရှိသည်။

သေဆုံးသူ ၉၄ ဦး ထပ်တိုးခဲ့သည့်အတွက် သေဆုံးသူ စုစုပေါင်းမှာ ၆၅၄၉ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဩဂုတ် ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ရောဂါပျောက်ကင်းပြီး ဆေးရုံမှဆင်းသွားသူ ၂၂၀၇ ဦးရှိပြီး ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၁၀၅၁၉၈ ဦးရှိကြောင်း သိရသည်။ ကိုဗစ် -၁၉ ကူးစက်ပျံ့နှံ့မှုနှုန်းမှာ ပြည်နယ်ပေါင်း ၃၄ ပြည်နယ်သို့ ပျံ့နှံ့နေခဲ့ပြီးဖြစ်သည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း ဂျကာတာတွင် ၅၈၈ ဦး၊ အရှေ့ဂျာဗားတွင် ၃၂၁ ဦး၊ အနောက်ဂျာဗားတွင် ၁၃၄ ဦး၊ အရှေ့ကာလီမန်တန်တွင် ၁၂၉ ဦးနှင့် ဂျာဗားအလယ်ပိုင်းတွင် ၁၀၀ ကိုဗစ် -၁၉ ကူးစက်ခံထားရကြောင်း သိရသည်။

ဆင်ဟွာ

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံး တစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှု စစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့် မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၇၇ ရက်သာ**

**လိုတော့သည်။**

## ခရမ်းမြို့နယ်အတွင်း သတ်မှတ်ထားသည့် မဲရုံများ၏ မြေပြင်လက်ရှိအခြေအနေ ကွင်းဆင်းစစ်ဆေး

**ခရမ်း ဩဂုတ် ၂၂**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်အတွင်း ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲရုံများအဖြစ် အသုံးပြုမည့် စာသင်ကျောင်းများနှင့် အဆောက်အအုံများ၏ မြေပြင်လက်ရှိအခြေအနေနှင့် ပြင်ဆင်ရမည့် အခြေအနေများကို ယနေ့နံနက် ၇ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခရမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆန်းထွန်းနှင့် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဝင်များက ခရမ်းမြို့ပေါ် ရပ်ကွက် ၁၃ ခုနှင့် ကျေးရွာအသီးသီးတို့တွင် မဲရုံများအဖြစ် ဆောင်ရွက်ရန် ရွေးချယ်ထားသည့် စာသင်ကျောင်းများ၏ မြေပြင် လက်ရှိ အခြေအနေနှင့် ပတ်ဝန်းကျင်အခြေအနေများ၊ လုံခြုံရေးအတွက် ဆောင်ရွက်ရမည့် အချက်အလက်များ ပြင်ဆင်ရမည့် အခြေအနေများကို ကွင်းဆင်း ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များအား ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဝင်များ၊ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခရမ်းမြို့နယ်အတွင်း ကျေးရွာအုပ်စု ၅၃ အုပ်စုနှင့် ရပ်ကွက် ၁၃ ရပ်ကွက်ရှိပြီး မဲရုံ စုစုပေါင်း ၂၀၄ ရုံတွင် ဆန္ဒမဲပေးမည့်သူ စုစုပေါင်း ၁၂၆၀၀၀ ခန့်ရှိကြောင်း မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ သိရသည်။

**ကိုမင်း(ခရမ်း )**



## ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊
- မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊
- ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချီခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံ ရနိုင်သည်။

**ရွေးကောက်ပွဲများသည်-**

- ➤ ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ➤ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ➤ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

**ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့ . . .**



# ရွေးကောက်ပွဲ

မိမိတို့ ပြည်သူပြည်သားများ၏ အခွင့်အရေးနှင့် တာဝန်အရ၊ နိုင်ငံ၏ သိက္ခာအရ ရွေးကောက်ပွဲကို အောင်အောင်မြင်မြင်၊ ကျန်းမာရေးအရ လုံလုံခြုံခြုံဖြင့် ကျင်းပနိုင်သည်ကို ပြသလိုပါကြောင်း၊ မိမိတို့ နိုင်ငံသူ၊ နိုင်ငံသားများ၏ အရည်အချင်းသည် ငွေရေးကြေးရေးပေါ်တွင်သာ အခြေခံခြင်းမဟုတ်ဘဲ တာဝန်သိမှု၊ စည်းကမ်းထိန်းသိမ်းမှု၊ နိုင်ငံအပေါ် သစ္စာစောင့်သိမှု အပေါ်တွင်သာ အခြေခံပြီး အောင်မြင်အောင် လုပ်ဆောင်သွားသည်ကို ပြသလိုပါကြောင်း။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၅-၈-၂၀၂၀ ရက်နေ့တွင် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလအတွင်း ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ စီမံဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)

## ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၂၂ ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၄၄၁ ဦး ရှိသွားပြီ

နေပြည်တော် ဩဂုတ် ၂၂

ယနေ့တွင် ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ ၂၂ ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၄၄၁ ဦး ရှိသွားပြီဖြစ်ပြီး ပိုးတွေ့ရှိသူ ၂၂ ဦးမှာ ပြည်ပသို့ ခရီးသွားရာဇဝင်မရှိသူများဖြစ်ကြောင်း သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၄၄၁ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ ၃၃၈ ဦး၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၃၃၅ ဦးနှင့် ဩဂုတ် ၂၁ ရက် မွန်းတည့် ၁၂ နာရီမှ ဩဂုတ် ၂၂ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၄၀ ရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၄၄၀၅၄ | ၄၄၁ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၃၃၈ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၇၂၁၂

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၃၃၅ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၃၀၂ | ၅ |
| ၂ | ရခိုင် | ၆၇ | |
| ၃ | ချင်း | ၁၇ | |
| ၄ | ပဲခူး | ၉ | ၁ |
| ၅ | စစ်ကိုင်း | ၉ | |
| ၆ | မွန် | ၇ | |
| ၇ | ကရင် | ၅ | |
| ၈ | ရှမ်း(တောင်) | ၄ | |
| ၉ | မန္တလေး | ၄ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၂ | |
| စုစုပေါင်း | | ၄၄၁ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၂-၈-၂၀၂၀ ရက်၊ ည (၈) နာရီ

## ၂၂-၈-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၈၀၀၄၅၇ | ၃၁၂၇၄၆၆ | ၁၇၉၂၅၀ |
| ၂။ | ဘရာဇီး | ၃၅၃၆၄၈၈ | ၂၆၇၀၇၅၅ | ၁၁၃၄၅၄ |
| ၃။ | အိန္ဒိယ | ၃၀၀၁၃၇၉ | ၂၂၄၃၄၂၇ | ၅၆၁၉၄ |
| ၄။ | ရုရှား | ၉၅၁၈၉၇ | ၇၆၇၄၇၇ | ၁၆၃၁၀ |
| ၅။ | တောင်အာဖရိက | ၆၀၃၃၃၈ | ၅၀၀၁၀၂ | ၁၂၈၄၃ |
| ၆။ | ပီရူး | ၅၇၆၀၆၇ | ၃၈၄၉၀၈ | ၂၇၂၄၅ |
| ၇။ | မက္ကဆီကို | ၅၄၉၇၃၄ | ၃၇၆၄၀၉ | ၅၉၆၁၀ |
| ၈။ | ကိုလံဘီယာ | ၅၂၂၁၃၈ | ၃၄၈၉၄၀ | ၁၆၅၆၈ |
| ၉။ | စပိန် | ၄၀၇၈၇၉ | စိစစ်ဆဲ | ၂၈၈၃၈ |
| ၁၀။ | ချီလီ | ၃၉၃၇၆၉ | ၃၆၇၈၉၇ | ၁၀၇၂၃ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၂- ၈ - ၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၁၈၇၂၄၉ | ၁၁၄၉၂၁ | ၂၉၆၆ |
| အင်ဒိုနီးရှား | ၁၅၁၄၉၈ | ၁၀၅၁၉၈ | ၆၅၉၄ |
| စင်ကာပူ | ၅၆၂၆၆ | ၅၃၆၅၁ | ၂၇ |
| မလေးရှား | ၉၂၅၇ | ၈၉၄၉ | ၁၂၅ |
| ထိုင်း | ၃၃၉၀ | ၃၂၂၀ | ၅၈ |
| ဗီယက်နမ် | ၁၀၁၄ | ၅၄၅ | ၂၅ |
| မြန်မာ | ၄၄၁ | ၃၃၈ | ၆ |
| ကမ္ဘောဒီးယား | ၂၇၃ | ၂၆၃ | ၀ |
| ဘရူနိုင်း | ၁၄၃ | ၁၃၉ | ၃ |
| လာအို | ၂၂ | ၂၀ | ၀ |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၂-၈-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ

၁။ (၂၁-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၆၄၅) ခုတွင် -
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၆) ဦး တွေ့ရှိရပါသည်။

၂။ (၂၂-၈-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၄၃၅) ဦး ရှိပါသည်။

၃။ (၂၁-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ဓာတ်ခွဲစစ်ဆေးမှုများအနေဖြင့် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၁,၀၂၁ ) ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR) မှ ဓာတ်ခွဲနမူနာ (၂၅၆) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၁၂) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၁၈၄) ခုနှင့်
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၃၆) ခု၊
- စုစုပေါင်း (၁,၆၀၉)ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၂-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ |
|---|---|
| (၂၁-၈-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ (ဒုတိယအသုတ်) | (၆၄၅) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိရသည့် ဓာတ်ခွဲအတည်ပြုလူနာသစ် | (၁၆) ဦး |

**(၂၁-၈-၂၀၂၀) ရက်နေ့ COVID-19 ဓာတ်ခွဲစစ်ဆေးမှုများတွင် ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု**
**(၂၂-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| လူနာ အမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါ အတည်ပြုလူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့်ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 420 | ၄၁ နှစ် | မ | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case - 395) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 421 | ၂၇ နှစ် | မ | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case - 395) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 422 | ၃၂ နှစ် | မ | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case - 396) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 423 | ၄၆ နှစ် | ကျား | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case - 396) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 424 | ၄၄ နှစ် | ကျား | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case - 396) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 425 | ၂၉ နှစ် | ကျား | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case - 396) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 426 | ၃၁ နှစ် | မ | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case - 396) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 427 | ၂၈ နှစ် | မ | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case - 396) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 428 | ၃၃ နှစ် | ကျား | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case - 377) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 429 | ၃၃ နှစ် | ကျား | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case - 377) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 430 | ၃၀ နှစ် | မ | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case - 378) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 431 | ၅၆ နှစ် | မ | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case - 395) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 432 | ၅၁ နှစ် | မ | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case - 379) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 433 | ၃၄ နှစ် | မ | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case - 379) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 434 | ၃၉ နှစ် | ကျား | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case - 379) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 435 | ၃၈ နှစ် | မ | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case - 379) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၂-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၂-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၃၄၀) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၂၇) ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၂၇၆) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၁၀၉) ခုနှင့်
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ မှ ဓာတ်ခွဲနမူနာ (၃၉) ခု၊

စုစုပေါင်း (၈၉၁)ခု အား ယနေ့ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆) ဦး တွေ့ရှိရပါသည်။

၂။ (၂၂-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၄၄၁) ဦး ရှိပြီဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၁)ဦး (Case- 360) ရှိသဖြင့် စုစုပေါင်း (၃၃၈) ဦး ရှိပါသည်။ ၎င်းတို့အနက် (၃၃၅) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက် ရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၂-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၂-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၄၀) ခု |
| (၂၂-၈-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၂၇) ခု |
| (၂၂-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၇၆) ခု |
| (၂၂-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၀၉) ခု |
| (၂၂-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၉) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၆) ဦး |

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၁-၈-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၂-၈-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာ အသစ် (၄၀) ဦး ရှိပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၂-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၆) ဦး | (၄၄၁) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၁) ဦး | (၃၃၈) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**(၂၂-၈-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု**
**ည (၈:၀၀) နာရီ**

| လူနာ အမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါ အတည်ပြုလူနာများနှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 436 | ၂၅ နှစ် | ကျား | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ |
| 437 | ၇၃ နှစ် | ကျား | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ |
| 438 | ၄၃ နှစ် | မ | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ |
| 439 | ၁၅ နှစ် | မ | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ |
| 440 | ၂၆ နှစ် | ကျား | မြောက်ဦးမြို့၊ ရခိုင်ပြည်နယ် | ရှိ (C-408) | မရှိ | ပြည်သူ့ဆေးရုံ၊ မြောက်ဦးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မြောက်ဦးမြို့) |
| 441 | ၂၇ နှစ် | ကျား | မြောက်ဦးမြို့၊ ရခိုင်ပြည်နယ် | ရှိ (C-408) | မရှိ | ပြည်သူ့ဆေးရုံ၊ မြောက်ဦးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မြောက်ဦးမြို့) |

# ရခိုင်ပြည်နယ်တွင် လျင်မြန်စွာကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများဆွေးနွေးပြီး အရေးပေါ်အခြေအနေ အမျိုးမျိုးအတွက် ဆေးရုံများ၌ ဘက်စုံအသင့်ပြင်ဆင်ထားရှိနိုင်ရေးနှင့် စနစ်တကျတုံ့ပြန်ဆောင်ရွက်နိုင်ရေး စားပွဲဝိုင်းလေ့ကျင့်ခန်းပြုလုပ်

**နေပြည်တော် ဩဂုတ် ၂၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်တွင် လျင်မြန်စွာ ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့် Videoconferencing စနစ်ဖြင့် ဆွေးနွေးသည်။ (ယာပုံ)



**ဗိုင်းရပ်စ်ပိုး၏ မျိုးဗီဇစစ်ဆေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် မြန်ဆန်လျက်ရှိပြီး ဩဂုတ် ၁၆ ရက်မှ ၂၀ ရက်အထိ ငါးရက်တာကာလအတွင်း၌ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၅ ဦး တွေ့ရှိခဲ့ပြီး ၄၄ ဦးသည် စစ်တွေမြို့မှ ဖြစ်ပါကြောင်း၊ ယခု စစ်တွေမြို့၌ ကူးစက်ဖြစ်ပွားနေသော ဗိုင်းရပ်စ်ပိုးသည် မျိုးဗီဇပြောင်းလဲနေသည့် အမျိုးအစား ဖြစ်နိုင်သောကြောင့် ဆေးသုတေသနဦးစီးဌာန၌ ဗိုင်းရပ်စ်ပိုး၏ မျိုးဗီဇကို စစ်ဆေးဖော်ထုတ်သွားမည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး၊ ရခိုင်ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးတို့နှင့် အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက်ကာ ရခိုင်ပြည်နယ်တွင် ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အခြားနေရာဒေသများသို့ ပြန့်ပွားမှု ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ စစ်တွေသူနာပြုနှင့် သားဖွားသင်တန်းကျောင်းမှ အောင်မြင်ခဲ့သည့် သူနာပြု ၅၆ ဦးအား ရခိုင်ပြည်နယ်တွင် ယမန်နေ့က ခန့်အပ်တာဝန်ချထားခဲ့ပြီး ဖြစ်ကြောင်း၊ ဩဂုတ် ၂၃ ရက်တွင်လည်း "မိမိဆန္ဒအလျောက်" ရခိုင်ပြည်နယ်တွင် ယာယီတာဝန်ထမ်းဆောင်မည့် ဒုတိယပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး တစ်ဦး၊ လက်ထောက်ဆရာဝန် (မေ့ဆေးအထူးကု) သုံးဦးနှင့် လက်ထောက်ဆရာဝန် (ဆေးပညာအထူးကု) တစ်ဦးနှင့် လက်ထောက်ဆရာဝန် ၁၃ ဦးကို ဆေးနှင့် ဆေးပစ္စည်းကိရိယာများနှင့်အတူ အထူးလေယာဉ်ဖြင့် ထပ်မံပို့ဆောင်သွားမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုများကို စစ်တွေပြည်သူ့ဆေးရုံကြီးတွင် GeneXpert စက်နှစ်လုံးဖြင့် စစ်ဆေးလျက်ရှိပြီး ရောဂါဗေဒအထူးကုဆရာဝန်ကြီး တစ်ဦးနှင့် အဏုဇီဝဗေဒပညာရှင် နှစ်ဦးကိုလည်း အင်အားဖြည့်တင်း ယာယီတာဝန်ချထားပြီး ဖြစ်၍ ဩဂုတ် ၂၃ ရက်တွင် သွားရောက်ကြမည်ဖြစ်ပါကြောင်း၊ စစ်တွေပြည်သူ့ဆေးရုံကြီးတွင် လူနာထားရှိရန် နေရာများ တိုးချဲ့ခြင်းကို လုပ်ဆောင်နေပြီး လိုအပ်ပါက ယာယီဆေးရုံများပြုလုပ်ရန် စီစဉ်လျက်ရှိပါကြောင်း။

အမေရိကန်၊ ဘရာဇီး၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများတွင် ထိန်းချုပ်ရန် ခက်ခဲသော ကူးစက်ဖြစ်ပွားမှုအခြေအနေများ ဖြစ်ပွားနေသကဲ့သို့ မိမိတို့နိုင်ငံတွင်လည်း ဖြစ်လာမည်ကို စိုးရိမ်ဖွယ်ရာရှိသဖြင့် ထိန်းချုပ်ရေးလုပ်ငန်းများကို အစွမ်းကုန်ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခု ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများကဲ့သို့ အခြားပြည်နယ်/တိုင်းဒေသကြီးများတွင် ဖြစ်ပွားလာပါက တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန် ကျန်တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများကိုလည်း ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ ယခုလ ၁၃ ရက်နေ့တွင် "ကိုဗစ်-၁၉ကူးစက်ဖြစ်ပွားမှု ဒုတိယလှိုင်းဖြစ်ပွားလာပါက စနစ်တကျ တုံ့ပြန်ဆောင်ရွက်ရေး စားပွဲဝိုင်းလေ့ကျင့်ခန်း (Table-Top Exercise)"ကို ပြည်သူ့ကျန်းမာရေးနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးရှုထောင့်မှ ပြုလုပ်ခဲ့ပြီး ဖြစ်ကြောင်း၊ ဆေးရုံကြီး တစ်ခုချင်းစီအလိုက် အရေးပေါ်အခြေအနေများအတွက် စားပွဲဝိုင်းလေ့ကျင့်ခန်းများ၊ ဓာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ခဲ့မှုများရှိသော်လည်း ယနေ့ပြုလုပ်သည့် စားပွဲဝိုင်းလေ့ကျင့်ခန်းတွင် ကပ်ရောဂါများအပါအဝင် ဘေးအန္တရာယ်အမျိုးမျိုး ကျရောက်ပါက ဆေးရုံပိုင်းဆိုင်ရာ စနစ်တကျ တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးကြရမည်ဖြစ်ပါကြောင်း။

**လက်တွေ့ဆောင်ရွက်နိုင်မည်များဆွေးနွေး**

ထိုသို့ဆွေးနွေးရာတွင် မိမိတို့နိုင်ငံ၏ ပကတိလက်တွေ့မြေပြင်အခြေအနေ၊ မိမိတို့တွင်ရှိသော လူ့စွမ်းအား၊ ဘဏ္ဍာငွေ၊ ဆေးနှင့် ဆေးပစ္စည်းများ၊ အချိန်အတိုင်းအတာတို့နှင့် အမှန်တကယ်ကိုက်ညီသည့် နည်းဗျူဟာများနှင့် လုပ်ငန်းစဉ်များချမှတ်နိုင်ရေး အလေးထားဆွေးနွေးရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ဆေးရုံတစ်ရုံသို့ COVID-19 လူနာများ ရောက်ရှိလာပါက - (က) ကျန်းမာရေးဝန်ထမ်းများထံ ရောဂါမကူးစက်စေရန်၊ (ခ) အခြားလူနာများထံရောဂါမကူးစက်စေရန်၊ (ဂ) သီးခြားထားရှိ (isolation) ကုသမှုလုပ်ဆောင်နိုင်ရန်၊ (ဃ) လူနာများ အစုလိုက်အပြုံလိုက် ရောက်ရှိလာပါက စနစ်တကျ စီမံခန့်ခွဲနိုင်ရန်နှင့် (င) လိုအပ်ပါက ရောဂါကူးစက်ခြင်းမရှိသည့် နေရာများမှ ဆရာဝန်၊ သူနာပြု၊ ဓာတ်ခွဲပညာရှင်နှင့် ကုသမှုအထောက်အကူပြုပညာရှင်များ ပို့ဆောင်နိုင်ရန်တို့အတွက် လက်တွေ့ဆောင်ရွက်နိုင်မည်များကို ဆွေးနွေးကြရမည် ဖြစ်ပါကြောင်း၊ စားပွဲဝိုင်းလေ့ကျင့်ခန်းတွင် ဆွေးနွေးချက်များအရ တွေ့ရှိရသော လိုအပ်ချက်များကို အမြန်ဆုံး ကြိုတင်ဖြည့်ဆည်းခြင်းနှင့် နည်းဗျူဟာများကို မွမ်းမံပြင်ဆင်ခြင်း ဆောင်ရွက်ထားရမည် ဖြစ်ပါကြောင်း၊ စားပွဲဝိုင်းလေ့ကျင့်ခန်းများကို ဆွေးနွေးရာ၌ ဖြစ်နိုင်ချေရှိသော ဖြစ်ရပ် (scenario) များကို နောက်ခံထားရမည့်အပြင် မမျှော်မှန်းနိုင်သော အခြေအနေများ ပေါ်ပေါက်လာနိုင်သည်ကိုလည်း ထည့်သွင်းစဉ်းစားကြရမည် ဖြစ်ပါကြောင်း။

ဆွေးနွေးကြရာတွင် စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှု၊ ထောက်ပံ့ပို့ဆောင်မှု၊ ဆက်သွယ်ချိတ်ဆက်မှု၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၊ နီးနွယ်ဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် အရင်းအမြစ်လိုအပ်မှုများကို လက်တွေ့မြေပြင်အခြေအနေနှင့် ကိုက်ညီစွာ ဆွေးနွေးကြစေလိုပါကြောင်း၊ ဆေးရုံအသီးသီးအနေဖြင့် အဆောက်အဦများနေရာချထားမှုနှင့် လူနာတင်ယာဉ် ဝင်ထွက်ပေါက်များ စနစ်တကျရှိစေရေး၊ ဆေးရုံများအကြားနှင့် လူနာတင်ယာဉ်များအကြား ချိတ်ဆက်ဆောင်ရွက်မှုကွန်ရက် ကောင်းမွန်စေရေး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဆေးရုံ၏ အဆောက်အဦ၊ ဝင်ထွက်လမ်းနှင့် လူနာဆောင်များတို့ ပါဝင်သည့် နေရာပြမြေပုံများ ရေးဆွဲခြင်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်အမျိုးအစားအလိုက် အခြေပြဇယားများ ရေးဆွဲခြင်းတို့ကိုပြုလုပ်ကာ သက်ဆိုင်ရာတာဝန်ရှိသူများထံ ဖြန့်ဝေထားရမည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ယခုကဲ့သို့ စားပွဲဝိုင်းလေ့ကျင့်ခန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ပြုလုပ်သွားမည်ဖြစ်ပြီး တွေ့ရှိရသည့် အားနည်းချက်များ၊ လိုအပ်ချက်များကို ရရှိသည့် အရင်းအမြစ်နှင့် ကိုက်ညီစွာ ဖြည့်ဆည်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဤ ကိုဗစ်-၁၉ ကပ်ရောဂါသာမက အခြားကပ်ရောဂါအမျိုးမျိုးနှင့် ဘေးအန္တရာယ်များသည် နောင်ကာလတွင်လည်း ပေါ်ပေါက်လာနိုင်သည်ဖြစ်သည့်အတွက် မိမိတို့ဝန်ကြီးဌာနရှိ တာဝန်ရှိသူများနှင့် ပညာရှင်များအနေဖြင့် လက်တွေ့မြေပြင်အခြေအနေနှင့် ကိုက်ညီသည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ထားရှိရမည် ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ စားပွဲဝိုင်းလေ့ကျင့်ခန်းများမှ လက်တွေ့မြေပြင်အခြေအနေနှင့် ကိုက်ညီသည့် အကြံပြုချက်များဖြင့် ဝန်ကြီးဌာန၏ နည်းဗျူဟာများ၊ လုပ်ငန်းစဉ်များကို မွမ်းမံသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့နှင့် စဉ်ဆက်မပြတ် ချိတ်ဆက်ကာ ဆောင်ရွက်နေမှုနှင့် ဆေးနှင့် ဆေးပစ္စည်းကိရိယာများ ပေးပို့နေမှုကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက စစ်တွေပြည်သူ့ဆေးရုံတွင် ကိုဗစ်-၁၉ လူနာများအတွက် ထားရှိကုသရန်နေရာများ တိုးချဲ့နေမှု၊ လိုအပ်ပါက ယာယီဆေးရုံပြုလုပ်ရန် ဆောင်ရွက်နေမှုနှင့် အသွားအလာကန့်သတ်မှုများအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ နီးနွယ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဒေါက်တာစိုးဦးက ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်နှင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုများကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြသည်။

**အကြံပြုဆွေးနွေး**

ထို့နောက် တက်ရောက်လာကြသည့် ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများနှင့် ပါမောက္ခ/ဌာနမှူးများက အကြံပြုဆွေးနွေးသည်။

ဆက်လက်၍ ဒုတိယပိုင်းအနေဖြင့် စားပွဲဝိုင်းလေ့ကျင့်ခန်းကို ပြုလုပ်ရာ ဆေးတက္ကသိုလ်(၁)၊ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဇော်ဝေစိုးက စားပွဲဝိုင်းလေ့ကျင့်ခန်း အကြောင်း ရှင်းလင်းပြောကြားကာ ဆေးတက္ကသိုလ်(၁)၊ အရေးပေါ်ကုသမှုဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာမော်မော်ဦးက အရေးပေါ်အခြေအနေအမျိုးမျိုးအတွက် ဆေးရုံပိုင်းဆိုင်ရာ ကြိုတင်ပြင်ဆင်မှု၊ တုံ့ပြန်ဆောင်ရွက်မှုများနှင့် ပတ်သက်၍ လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး) ဒေါက်တာသီတာလှက ဘေးအန္တရာယ်အမျိုးမျိုးအတွက် ဆေးရုံပိုင်းဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေး စီမံချက်နှင့် ပတ်သက်၍လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်က ရန်ကုန်တိုင်းဒေသကြီးတွင် အရေးပေါ်အခြေအနေများအတွက် ကျန်းမာရေးဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေး အစီအစဉ်ကိုလည်းကောင်း၊ ဆေးတက္ကသိုလ်(၂)၊ အရေးပေါ်ကုသမှုဆေးပညာဌာနမှ ပါမောက္ခ/ ဌာနမှူး ဒေါက်တာခိုင်ရွှေဝါက ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆေးရုံများလုံခြုံစိတ်ချမှုနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး ဆန်းစစ်အကဲဖြတ်မှုပုံစံကို လည်းကောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာရီရီမြင့်နှင့် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာကြည်စိုးတို့က အရေးပေါ်အခြေအနေများအတွက် ဆေးရုံအလိုက် ပြင်ဆင်ထားရှိမှုများကို လည်းကောင်း တင်ပြကြကာ လိုအပ်ချက်များနှင့် ထည့်သွင်းစဉ်းစားရန်အချက်များကို အကြံပြုဆွေးနွေးသည်။

ထို့နောက် စားပွဲဝိုင်းလေ့ကျင့်ခန်းကို ဖြစ်စဉ်အခြေအနေအပေါ် အကြောင်းအရာကဏ္ဍအလိုက် ဆွေးနွေးခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်း၊ လိုအပ်ချက်များ ဖော်ထုတ်ခြင်းနှင့် စားပွဲဝိုင်းလေ့ကျင့်ခန်းမှ တွေ့ရှိချက်များကို တင်ပြခြင်းတို့ဖြင့် ဆောင်ရွက်ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ကမ္ဘောဇဘဏ်က ရခိုင်ပြည်နယ်သို့ ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်း ခုနစ်မျိုးနှင့် ငွေကျပ်သိန်း ၃၀၀ အရေးပေါ် ပေးပို့လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၂**

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး လုပ်ငန်းများ ပိုမိုထိရောက်စေရန်အတွက် ကမ္ဘောဇဘဏ်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက အလှူငွေကျပ်သိန်း ၃၀၀ နှင့် အထောက်အကူပြုပစ္စည်းများကို ရခိုင်ပြည်နယ် အစိုးရအဖွဲ့သို့ ယနေ့နံနက်ပိုင်းတွင် လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွက် ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်း ခုနစ်မျိုးဖြစ်သည့် ဆေးရုံသုံးနှာခေါင်းစည်း ၁၀၀၀၀၀၊ မျက်နှာအကာ ၂၀၀၀၊ လက်အိတ် ၃၀၀၀၊ ခေါင်းစွပ် ၂၀၀၀၊ မျက်မှန် ၂၀၀၊ ရောဂါကာကွယ်ရေးဝတ်စုံ ၂၀၀၊ အပူချိန်တိုင်းစက် ၁၀၀၊ အသွားအလာကန့်သတ်စောင့်ကြည့် လူနာများအနက်မှ နေ့စဉ်စားသောက်စရိတ် အခက်အခဲရှိသော ပြည်သူတစ်ဦးလျှင် တစ်ရက်ငွေကျပ် ၃၀၀၀ နှုန်းဖြင့် အစားအသောက်များ ပံ့ပိုးပေးနိုင်ရန်အတွက် လှူဒါန်းငွေကျပ် သိန်း ၃၀၀ အပါအဝင် လှူဒါန်းမှု စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် သိန်း ၈၀၀ ခန့်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ကမ္ဘောဇဘဏ်သည် ဧပြီလအတွင်းကလည်း ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံပြည်သူများအတွက် ဆန်အိတ် ၁၀၀၀ နှင့် အသွားအလာ ကန့်သတ်စောင့်ကြည့် လူနာများ၏ စားနပ်ရိက္ခာအတွက် ငွေကျပ်သိန်း ၃၀၀ ကို လှူဒါန်းထားခဲ့ပြီး ဖြစ်သည်။ ၂၀၁၅ ရေကြီးရေလျှံမှုဖြစ်စဉ်မှ ယနေ့ကာလအထိ ရခိုင်ပြည်နယ် တိုးတက်ဖွံ့ဖြိုးရေးကိစ္စအရပ်ရပ်များ၊ သဘာဝဘေးအန္တရာယ်များနှင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများအတွက် စုစုပေါင်း ငွေကျပ် ၁၀ ဘီလီယံကျော် လှူဒါန်းထားပြီးဖြစ်ကြောင်း သိရသည်။

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး လုပ်ငန်းများအတွက် ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ မဖြစ်ပွားခင် ဖေဖော်ဝါရီ ၂၆ ရက်မှ စတင်ကာ ယနေ့အချိန်ထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငွေကျပ် ၆၀၃၄၂ သိန်း လှူဒါန်းထားပြီးဖြစ်ကြောင်း သိရသည်။

**ကိုကျော်**

---

❏ *ကျောဖုံးမှ*

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးသည်။

ဆက်လက်၍လည်း မလေးရှားနိုင်ငံရောက် အထောက်အထားမဲ့ မြန်မာနိုင်ငံသားများနှင့် အကြောင်းအမျိုးမျိုးကြောင့် မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်းများတွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် မြန်မာနိုင်ငံသားများအား နိုင်ငံသားဖြစ်တည်မှု မှန်ကန်ကြောင်း အထောက်အထားများ စိစစ်လျက် မြန်မာနိုင်ငံသို့ ကယ်ဆယ်ရေးလေယာဉ်များဖြင့် ဆောလျင်စွာ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုများနှင့်အညီ မြန်မာသံရုံး၊ ကွာလာလမ်ပူမြို့အနေဖြင့် မလေးရှားနိုင်ငံရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ ဩဂုတ် ၂၉ ရက်တွင်လည်း မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်မြို့အဝင်နဝဒေးတံတားထိပ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စစ်ဆေးရေးဂိတ်ဖွင့်လှစ်

ပြည် ဩဂုတ် ၂၂

ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် ယနေ့နံနက်ပိုင်းမှစတင်ကာ မြို့အဝင်နဝဒေးတံတားထိပ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး စစ်ဆေးရေးဂိတ်ဖွင့်လှစ်၍ စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများ၊ လူမှုကူညီရေးအဖွဲ့အစည်းများက ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး စစ်ဆေးမှုတာဝန်များကို စနစ်တကျပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မျိုးကျော်ကြီး(ပြန်/ဆက်)

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော ဩဂုတ် ၁၁ ရက်မှ ၁၈ ရက်အထိ ထွက်ရှိသော စာအုပ်စာရင်း

*ယမန်နေ့မှအဆက်*

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁၉ | ကာလာသီအိုရီ | အောင်ရွှေမြတ် (စစ်ကိုင်းတောင်) | သီရိဝဏ္ဏစာပေ | ၃၀၀၀ |
| ၂၀ | မြို့ကလေးရဲ့အော်ပရာ | နိုင်ဝင်းသီ | သီရိဝဏ္ဏစာပေ | ၂၅၀၀ |
| ၂၁ | Huawei ရဲ့မောင်းနှင်အားများ | မြဝတီစာတည်းအဖွဲ့ | မြဝတီစာပေ | ၂၅၀၀ |
| ၂၂ | တိတ်ဆိတ်သူကဗျာနှင့်စကားပြေ | နေမျိုး | နှစ်ကာလများ | ၃၀၀၀ |
| ၂၃ | တက္ကသိုလ်ကျောင်းတော်ကြီးရဲ့ အစဉ်အလာ | ကလောင်စုံ | ခေတ်ပြတိုက် | ၄၀၀၀ |
| ၂၄ | မြစ်ထဲမှာ လမ်းခွဲပြီး ရက်၂၀ | မိနဲ့မယ်မွှေး | Third Story | ၃၀၀၀ |
| ၂၅ | တို့ချစ်တဲ့ကမ္ဘာ၊ တို့ချစ်တဲ့ကလေးတွေ | နေသန် | အမတနှင်းဆီ | ၃၅၀၀ |
| ၂၆ | သစ္စာရှင်သူရဲကောင်း | မျိုးဇော်ဝင်း(ဘာသာပြန်) | ကံ့ကော်ဝတ်ရည် | ၃၅၀၀ |
| ၂၇ | မြစ်များရဲ့စီးဆင်းရာ | မင်းကိုနိုင် | မိတ်ဆွေများစာပေ | ၂၅၀၀ |
| ၂၈ | မဟုတ်တာလုပ်တော့ မတတ်တာဖြစ်နှင့် အခြားဆောင်းပါးများ | ခွန်းဆင့်သူသူ | Global Piece Group | ၂၅၀၀ |
| ၂၉ | နာဇီတပင်တိုင်မြနန်းမှ မျှော်တော်ယောင် ရွှေမင်းသမီးရဲ့လွမ်းတေးပုံပြင် | ဘုန်းမြင့်မောင် | စာပေလောက | ၃၀၀၀ |
| ၃၀ | How to write A Sales Plan | အောင်စည်လင်း | smart စာပေ | ၃၅၀၀ |
| ၃၁ | သားဖတ်ဖို့ကဗျာ | အောင်ခင်မြင့် | ဝိုင်းမော်စာပေ | ၂၅၀၀ |
| ၃၂ | ဘဏ်နဲ့ပတ်သက်သမျှ | ကျော်သူရ | အာရှအလင်းစာပေ | ၃၀၀၀ |
| ၃၃ | ဒေါက်တာမြသန်းနှင့် သူ၏အတွေးပုံရိပ်များ | ပဋ္ဌာန်းဒေါက်တာမြသန်း | Myanmar Heritage | ၃၅၀၀ |
| ၃၄ | ကဗျာဆရာ ၈ ဦးတို့ရဲ့ရုပ်ပုံလွှာအမှတ်တရများ | ကလောင်စုံ | စာပေလောက | ၃၀၀၀ |
| ၃၅ | အနုပညာမြောက်စွာ ဟောပြောခြင်း | လင်းသိုက်ညွန့်(မြန်မာမြေ) | success စာပေ | ၄၅၀၀ |
| ၃၆ | မအေးပွင့် မြင့်မြင့်စန်း လမ်းသုံးဆယ် | ဆွေလှိုင်ဦး | ငါတို့စာပေ | ၄၀၀၀ |
| ၃၇ | ကမ္ဘာ့ဘာသာကြီးများ၏ အနှစ်သာရ | ဘရိုင်ယန်အေး | ယဉ်မျိုး | ၁၅၀၀ |
| ၃၈ | သားရဲ့လင်းယုန် | လရောင်လင်း | မိတ်ဆွေများစာပေ | ၃၀၀၀ |
| ၃၉ | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေများ | အောင်နိုင်ဦး(မန္တလေး) | Myanmar Heritage | ၃၅၀၀ |
| ၄၀ | အနာဂတ်ကို ယုံကြည်သူများအတွက် နတ်လူသာစုခေါ်စေသော် | မင်းကျော် | စိတ်ကူးချိုချို | ၅၀၀၀ |
| ၄၁ | လူ့ပြည်မှာအနေရဲစေဖို့ | မောင်ခင်မင်(ဓနုဖြူ) | ခဝါလှေမွန် | ၂၀၀၀ |
| ၄၂ | မဟာသမယ( ၇ )သုတ် | မဇ္ဈိမရောင်ခြည် | မဇ္ဈိမစာပေ | ၁၅၀၀ |
| ၄၃ | စစ်ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု | ဒေါက်တာဦးသန်းထွန်း (ရွှေဘို) | မိုးကျော်စာပေ | ၂၀၀၀ |
| ၄၄ | လေဟုန်လျှပ်စီးနဲ့ အမြင့်ခရီးကို လှမ်းခဲ့တယ် | တင်မောင်မြင့် | The key collection | ၅၀၀၀ |
| ၄၅ | ချစ်သူကနံနက်ခင်း မြူနှင်းက ကျွန်တော် | မောင်စိန်ဝင်း(ပုတီးကုန်း) | ရိုးမချယ်ရီစာပေ | ၃၀၀၀ |
| ၄၆ | အနော်ရထာမင်းကြီး ကိုဗစ်သေနတ်နှင့်မျက်ရည် | ညီသူ | ရိုးမချယ်ရီစာပေ | ၁၅၀၀ |

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၂ - ၈ - ၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၀၈၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၀၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၃၁၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၀၈၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၀၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၃၁၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၄၅/၅၉၀ ကျပ် | ၅၇၅/၅၉၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၅၅/၆၀၀ ကျပ် | ၅၉၀/၆၀၅ ကျပ် |
| အောက်တိန်း ၉၂ | ၄၉၅/၅၃၅ ကျပ် | ၅၅၅/၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၂၅/၆၅၀ ကျပ် | ၆၈၀/၇၁၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၅၉ . ၈ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၀၆ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၃ . ၈၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၉၅ . ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၈၈ . ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၅ . ၆၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၆ . ၆၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၁၆၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၄၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၅ . ၄၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၁၂၀ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၉၉၀၀၀ | ၁၁၀၄ | ၁၀၉၆၁၁၀၀ |
| MTSH | ၃၈၀၀ | ၃၈၀၀ | ၁၁၅၉ | ၄၄၀၄၂၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၈ | ၆၃၂၀၀ |
| FPB | ၂၁၅၀၀ | ၂၂၀၀၀ | ၁၅ | ၃၂၇၅၀၀ |
| TMH | ၂၇၀၀ | ၂၇၅၀ | ၄၄၀ | ၁၁၉၀၀၀၀ |
| EFR | ၃၀၅၀ | ၃၁၀၀ | ၁၁၀ | ၃၄၀၅၀၀ |

ခင်ရတနာ - စုစည်းသည်




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**မြန်မာ့အလင်း**


| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီမွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |


mmalin.npt@ gmail.com


www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm



HTOO
ပိုက်ဆံတွေပါ ရင် ငါတို့ပွတာပဲ
ဟေ့ ချာတိတ် တွေ..ဘာလုပ် နေတာလဲ...
ပိုင်ရှင် ပေါ်ပြီ..


သားရေ...ပါဗီကို အစာကျွေးလိုက်ပါဦး....
ဟုတ်ကဲ့ မေမေ...
ဖိုးရင် ပူစီကိုလည်း အစာကျွေးလိုက်ဦး....သားရေ
ဟုတ်ကဲ့ မေမေ...
ရွှေငါးလေးတွေ ကိုလည်းအစာကျွေးလိုက် ပါဦး....သားရေ...
ဟုတ်ကဲ့ မေမေ...
ဝက်ကလေးကိုလည်း အစာကျွေးပါဦး...မေမေရေ...




ချစ်ချစ်
ချစ်ချစ် စာကျက်တော့ လေကွယ်
သမီးက ဆော့ချင် သေးတာမေမေရ နောက် တစ်နာရီမှ စာကျက်မယ်...
သမီးရေ ရေချိုးတော့ လေ...
နောက်တစ်နာရီမှ ရေချိုးမယ် မေမေ
ချစ်ချစ် မေမေ့ကို ကူညီ ပေးပါဦးကွ...
အာ..ဘာလုပ်ရမလဲ နောက်တစ်နာရီမှ လုပ်ပေးမယ်လေ...
ဗိုက်ဆာပြီ... ထမင်းစားတော့မယ် မေမေ...
နောက်တစ်နာရီမှ စားပါလား သမီးရယ် နော်...




ပလာတူး
ကာတွန်း စမ်းချောင်းကိုကိုအောင်
ဒီနေ့၊ နေသာတယ်၊ အပြင်ထွက်ဆော့မယ်
အခုအချိန် ဆိုဖက်တီး တို့အုပ်စုတော့ လုံးကန်နေပြီ၊ အမြန်သွားမှ၊
ပလာတူး၊ မေမေ အပြင်သွားမလို့..၊
နေသာတုန်း အဝတ် တွေထုတ်လှန်းလိုက် ဦး၊ မိုးရွာရင် အဝတ် တွေရုပ် လိုက်ဦး..၊
မိုးရေထဲထွက်ဆော့ လို့ကတော့ ကြိမ်လုံး စားပဲနော်၊
ဟုတ်
ညနေစောင်းသော်...၊
အဝတ်တွေခြောက်ပြီ၊ ဆော့ဖို့လစ်မှ-၊
ထိုစဉ်..၊
ဟဲဗျာ... မိုးရွာလာပြီ၊ ဆိုးလိုက်တဲ့ကံ...၊

## သိမှတ်စရာအဖြာဖြာ (General Knowledge)

# ကကေးရို(ကိုကိုး)မှသည် ချောကလက်ဆီသို့

ကေ – ဂျူဝယ်လ်

**ဒီတစ်ပတ်မှာ မမက ကလေးတို့ သိပ်ကိုကြိုက်တတ်တဲ့ ချောကလက်ရဲ့ အကြောင်းကို နည်းနည်းပြောပြချင်ပါတယ်။ ချောကလက်ကို ဘယ်ကနေ ရရှိသလဲ၊ ဘယ်တုန်းက စပြီး စားကြသလဲဆိုတာကို ကလေးတို့ သိကြသလား။**



အမေရိကတိုက် မက္ကဆီကိုနိုင်ငံက တိုင်းရင်းသားတွေက ကကေးရို(ကိုကိုး)လို့ခေါ်တဲ့ အပင်ရဲ့ အစေ့ကို အမှုန့်ကြိတ်ပြီး အရည်ဖျော်သောက်သုံးကြသတဲ့။ ကကေးရို(ကိုကိုး)အစေ့လေးတွေက ဗာဒံစေ့နဲ့တူပြီး ခါးသက်သက်နဲ့ပေါ့ကွယ်။ သူ့ရဲ့ မူလအရသာကို နွားနို့၊ သကြားတွေနဲ့ ပေါင်းစပ်လိုက်တဲ့အခါ ကလေးတို့သိပ်ကို ကြိုက်နှစ်သက်ကြတဲ့ ချောကလက်ရလာတာပေါ့။ ချောကလက်ဆိုတဲ့ ပုံစံနဲ့ အခဲပြုလုပ်စားသုံးမှုကတော့ ၁၈၄၂ ခုနှစ်မှာ မက္ကဆီကိုနိုင်ငံကို ရောက်သွားတဲ့ စပိန်လူမျိုးတွေကနေ တစ်ဆင့် တစ်ကမ္ဘာလုံးကို ပျံ့နှံ့ခဲ့တယ်လို့ ပြောကြပါတယ်။ ၁၈ ရာစုလောက်မှာ ချောကလက်ကို တစ်ကမ္ဘာလုံးက ကြိုက်နှစ်သက်မှု အမြင့်ဆုံးစတင်ခဲ့တာပါ။

ချောကလက်ဖြစ်လာအောင် ကကေးရို(ကိုကိုး)အစေ့တွေကို စက်ရုံတွေဆီ သယ်ယူပြီး စက်နဲ့ မွှေးနေအောင်လှော်ရတာတဲ့။ ပြီးတော့ အမှုန့်ကြိတ်ပြီး နွားနို့၊ သကြား၊ ကော်မှုန့်တွေနဲ့ ရောစပ်၊ အအေးခံပေးလိုက်တဲ့အခါ ချိုချိုဆိမ့်ဆိမ့် ချောကလက်တွေ ရလာတော့တာပေါ့။

**ချောကလက်ကို စားမယ်ဆိုရင် ဉာဏ်ကောင်းစေပြီး စိတ်ရွှင်လန်းစေတယ်လို့လည်း ဆေးပညာရှင်တွေက ဆိုထားတာပါ။ ဒါပေမယ့် အလွန်အကျွံ စားမယ်ဆိုရင်တော့ ဝတုတ်ကြီးဖြစ်လာတာ၊ အိပ်ချင်စိတ်မရှိတာနဲ့ ချောကလက်ကိုပဲ အမြဲစားချင်ပြီး ရေငတ်လွန်တာ စတဲ့ ရောဂါတွေဖြစ်တတ်လို့ အလွန်အကျွံ မစားမိဖို့တော့ လိုပါတယ်**

ချောကလက်မှာ ပရိုတင်း၊ အဆီဓာတ်နဲ့ အခြားခွန်အားဖြစ်စေတဲ့ အာဟာရဓာတ်တွေ အများကြီးပါဝင်ပါတယ်။ ချောကလက်မှာ ကျန်းမာရေးကို အထောက်အကူပြုတဲ့ ဓာတ်တွေပါဝင်သတဲ့။ ဒါကြောင့် သွေးတိုးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါနဲ့ အသည်းအဆီဖုံးတာတွေ၊ ဆီးချိုနဲ့ လေဖြတ်တဲ့ရောဂါတွေကိုလည်း ကာကွယ်ပေးပါသတဲ့။ ချောကလက်ကို စားမယ်ဆိုရင် ဉာဏ်ကောင်းစေပြီး စိတ်ရွှင်လန်းစေတယ်လို့လည်း ဆေးပညာရှင်တွေက ဆိုထားတာပါ။ ဒါပေမယ့် အလွန်အကျွံ စားမယ်ဆိုရင်တော့ ဝတုတ်ကြီးဖြစ်လာတာ၊ အိပ်ချင်စိတ်မရှိတာနဲ့ ချောကလက်ကိုပဲ အမြဲစားချင်ပြီး ရေငတ်လွန်တာ စတဲ့ ရောဂါတွေဖြစ်တတ်လို့ အလွန်အကျွံ မစားမိဖို့တော့ လိုပါတယ်။

ချောကလက်နဲ့ ပတ်သက်ပြီး ထင်ရှားတဲ့ ယုံတမ်းစကားကတော့ ၁၆၁၅ ခုနှစ်လောက်က ပြင်သစ်ဘုရင် လူးဝီ(၁၃)ကို မိဖုရားဖြစ်တဲ့ စပိန်ဘုရင်သမီးတော် အန်းန်မင်းသမီးက ချောကလက်ဖျော်ရည်ကို တိုက်သတဲ့။ ဘုရင်မင်းမြတ်ကြီးက ချောကလက်ရည်ကို သောက်ပြီးတဲ့အခါ နေမကောင်းရာက ပြန်လည်ကျန်းမာလာသတဲ့။ အဲဒါကြောင့် ချောကလက်ဖျော်ရည်ကို အဖိုးတန်တဲ့ဆေးအဖြစ် သုံးစွဲကြသတဲ့။ နောက်ပိုင်းမှာ လူသားအချင်းချင်း ချစ်ခင်မြတ်နိုးတာကို ချောကလက်နဲ့ သက်သေပြကြသတဲ့။ ကိုယ်ချစ်တဲ့သူကို ချောကလက်ဝယ်ကျွေးတာက ချစ်တယ်လို့ ပြောပြလိုက်တာနဲ့ အတူတူပဲပေါ့ကွယ်။ ကလေးတို့လည်း မေမေတို့ ဖေဖေတို့ဆီက ချောကလက်လက်ဆောင် ရပြီးကြပြီလား။ မရသေးရင်တော့ အမြန်ဆုံးဝယ်ကျွေးခိုင်းလိုက်ပါတော့နော်။ ကလေးတို့အားလုံး ပျော်ရွှင်ကြပါစေ။

## လောကဝတ် (Etiquette)

# ကိုဗစ်နိုင်တင်းမဖြစ်အောင် ကလေးတို့ကာကွယ်နိုင်တဲ့အရာတွေ

မမမေ

မင်္ဂလာပါကလေးတို့ရေ။ အားလုံး သိပြီး ကြမှာပေါ့နော်။ ကိုဗစ်-၁၉ လို့ခေါ်တဲ့ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဖြစ်တဲ့ရောဂါက မမတို့နိုင်ငံမှာ ပြန်ပြီး ဖြစ်လာပြန်ပြီ။ ဒါကြောင့် ကလေးတို့ ကျောင်းတွေလည်း ဖွင့်ဖို့က စောင့်ကြရဦးမှာပေါ့ကွယ်။ ဒီအတောအတွင်းမှာ ကာကွယ်ဖို့ အချို့နည်းလမ်းလေးတွေကိုလည်း မမက ထပ်ပြောပြချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ရောဂါက ကိုယ့်ကို မကူးစက်အောင် ကာကွယ်ရမယ့်အပြင် ကိုယ့်ကြောင့်လည်း သူများကို မကူးစက်အောင်ကာကွယ်မှသာ ကလေးတို့က လူတော်လူကောင်းလေးတွေ ဖြစ်လာမှာမို့ပါ။ ဒါကလည်း ယဉ်ကျေးမှုတစ်ခုပဲလေ။

### လက်တွေကိုသန့်ရှင်းအောင်ထားပါ

ကလေးတို့လည်း သိကြမှာပေါ့နော်။ ကိုဗစ်-၁၉ ရောဂါက ရေနဲ့ ဆပ်ပြာကို သိပ်ကိုကြောက်တယ်ဆိုတာကိုပါ။ သူက တစ်နေရာမှာရှိနေတတ်ပြီး ကလေးတို့ဆီကို လာဖို့ပြင်နေတယ်ဆိုတာကို ဘယ်တော့မှ မမေ့ရဘူးနော်။ သူက ကလေးတို့ရဲ့ လက်ချောင်းလေးတွေကနေ တစ်ဆင့် နှာခေါင်း၊ ပါးစပ်တွေကနေ ကလေးတို့ရဲ့ ခန္ဓာကိုယ်ထဲက အဆုတ်အထိသွားပြီး နေရာယူချင်တာလေ။ ဒါကို ကာကွယ်ဖို့အတွက် လက်တွေကို မကြာခဏ ဆပ်ပြာနဲ့ ဆေးကြောကြဖို့တော့ လုံးဝလုံးဝ မမေ့ရဘူးနော်။

### အကွာအဝေးကို ဂရုစိုက်ပါ

အခုဆိုရင် မုန့်ဆိုင်တွေ၊ စားသောက်ဆိုင်တွေနဲ့ အချို့နေရာတွေက ပြန်ပြီး ဖွင့်နေကြတာကို မမ သတိထားမိတယ်။ ကလေးတို့ရော အိမ်ထဲမှာ နေရတာကြာတော့ အပြင်ထွက်ချင်နေကြပြီ မဟုတ်လား။ ဒါပေမယ့် ဖြစ်နိုင်ရင် အပြင်ကို အကြောင်းမရှိဘဲ မသွားသင့်သေးဘူးလို့ မမက သတိပေးပါရစေ။ ကိုဗစ်-၁၉ ရောဂါပိုးတွေဟာ လေထဲကနေတစ်ဆင့် ပျံ့နှံ့နိုင်ပြီး အရာဝတ္ထုတွေပေါ်မှာလည်း နာရီအကြာကြီး ကပ်နေနိုင်တဲ့အတွက် လူများတဲ့နေရာကို သွားလေလေ ကလေးတို့ ကူးစက်နိုင်မယ့် အခြေအနေ ရှိလေလေမို့ သတိထားပြီး နေထိုင်သင့်ပါတယ်။

### အိမ်ကိုသန့်ရှင်းအောင်ထားပါ


ဧည့်သည်လာရင်ဖြစ်ဖြစ်၊ ကိုယ့်ရဲ့ အိမ်သားတွေ အပြင်က ပြန်လာရင်ဖြစ်ဖြစ် လက်ကို ဆေးပြီးမှ ဘယ်အရာကိုမဆို ကိုင်တွယ်ရမယ်ဆိုတဲ့ စည်းကမ်းချက်ကလေးကို ထားဖို့လည်း မမက တိုက်တွန်းပါတယ်။ သန့်ရှင်းရေးကို နေ့စဉ်လုပ်ရမှာဖြစ်သလို ကလေးတို့ရဲ့ ကစားစရာတွေကိုလည်း ဆပ်ပြာနဲ့ရေနဲ့ ဆေးကြောသန့်ရှင်းပေးဖို့ လိုပါတယ်။ ဒါမှလည်း ဗိုင်းရပ်စ်က ကလေးတို့အိမ်မှာ ကပ်တွယ်မနေနိုင်တော့မှာပေါ့နော်။ ဒါတင်မကသေးပါဘူး။ အဝတ်တွေကို ခြောက်သွေ့သန့်ရှင်းအောင် ထားတာ၊ လေကောင်းလေသန့် ရရှိအောင် ထားတာနဲ့ ပြတင်းပေါက်တွေကို ဖွင့်ထားတာက ဗိုင်းရပ်စ်ကို တားဆီးပေးဖို့ အကောင်းဆုံး နည်းလမ်းတွေပဲတဲ့။

### မျက်နှာဖုံးလေးတွေ တပ်ထားပါ

ကလေးတို့အားလုံး နှာခေါင်းစည်း မျက်နှာဖုံးလေးတွေနဲ့ ရင်းနှီးပြီးသားဖြစ်မယ်လို့ မမက ထင်ပါတယ်။ အမှန်တကယ်လည်း အပြင်ကိုသွားတိုင်း နှာခေါင်းနဲ့ ပါးစပ်ကို ဖုံးထားတဲ့ မက်စ်(Mask) ကို တပ်ဖြစ်အောင် တပ်ရမှာပါ။ ဒါက ကလေးတို့အားလုံးကို ကိုဗစ်-၁၉ ကနေ ကာကွယ်ပေးမယ့် အရာလေးပါ။ ဒါကြောင့် အပြင်သွားတိုင်း Mask ကို တစ်ချိန်လုံး တပ်ထားမယ်။ မတော်လို့ ခဏချွတ်တယ်ဆိုရင်လည်း အနားမှာ ဘယ်သူမှ ရှိမနေသင့်ဘူးနော်။

ကိုဗစ်-၁၉ ရောဂါက ကမ္ဘာမှာရော၊ မမတို့နိုင်ငံမှာပါ ဆက်ပြီးရှိနေဦးမှာ ဖြစ်တာကြောင့် ကာကွယ်မှုတွေကို မရပ်လိုက်ဘဲ ဆက်ပြီး ကာကွယ်နေကြရအောင်လို့ မမက တိုက်တွန်းလိုက်ပါတယ်နော်။

